၂၀၁၀ ခုနှစ်တွင် ပါကစ္စတန်၌ အကြမ်းဖက်တိုက်ခိုက်မှုများ ၂၀ ရာခိုင်နှုန်းနီးပါး ကျဆင်းခဲ့

အစ္စလာမ္မာဘတ် ဇန်နဝါရီ ၁၆ - ၂၀၁၀ ခုနှစ်အတွင်း ပါကစ္စတန်နိုင်ငံ၌ အသေခံဗုံးခွဲတိုက်ခိုက်မှုများနှင့် အခြားတိုက်ခိုက်မှုများ ၂၀ ရာခိုင်နှုန်းနီးပါး ကျဆင်းခဲ့ကြောင်း သုခမိန်အဖွဲ့တစ်ဖွဲ့က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ကရာချိမြို့ရှိ စစ်ဆေးရေးစခန်းတစ်ခုတွင် လမ်းသွားလမ်းလာများကို လုံခြုံရေးအရ ရှာဖွေစစ်ဆေးမှုများ လုပ်နေသော ပါကစ္စတန် ရဲတပ်ဖွဲ့ဝင်များ။

ပါကစ္စတန်စစ်ဘက်၏ စစ်ဆင်ရေးများ၊ တရားဥပဒေထိန်းသိမ်းရေးအဖွဲ့အစည်းများ၏ ထောက်လှမ်းရေးစနစ် ပိုမိုကောင်းမွန်လာမှုနှင့် အမေရိကန်မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုများကြောင့် စစ်သွေးကြွခေါင်းဆောင်များ သေဆုံးခဲ့ခြင်းသည် ပါကစ္စတန်နိုင်ငံအတွင်း အကြမ်းဖက်မှုများ ကျဆင်းခဲ့ခြင်း၏ အကြောင်းရင်းဖြစ်ကြောင်း ယင်းအဖွဲ့က ပြောကြားသည်။

သို့ရာတွင် စစ်သွေးကြွများ၏ ခြိမ်းခြောက်မှုသည် အန္တရာယ်ကြီးမားဆဲအခြေအနေ၌ ရှိဆဲဖြစ်ပြီး ယင်း အစ္စလာမ္မစ်စစ်သွေးကြွများကို နှိမ်နင်းရန် ပါကစ္စတန်အစိုးရအနေဖြင့် ထိရောက်ကျယ်ပြန့်သည့် မူဝါဒချမှတ်ထားမှုမရှိသေးကြောင်း သုခမိန်အဖွဲ့က သတိပေးသည်။

ပါကစ္စတန်နိုင်ငံ၌ စစ်သွေးကြွများ၏ တိုက်ခိုက်မှုနှင့် ဂိုဏ်းဂဏကွဲပြားမှုနှင့် ဆက်စပ်သော တိုက်ခိုက်မှုများသည် ၂၀၀၉ ခုနှစ်တွင် ၂၅၈၆ မှုရှိခဲ့ရာမှ ၂၀၁၀ ခုနှစ်၌ ၂၁၁၃ မှု အထိ ကျဆင်းခဲ့သည်။

အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့သူဦးရေသည် ၂၀၀၉ ခုနှစ်တွင် ၃၀၂၁ ဦး၊ ၂၀၁၀ ခုနှစ်တွင် ၂၉၁၃ ဦးရှိခဲ့ပြီး ၃ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။ **အေပီ။**

လက်ဘနွန်နိုင်ငံရေးပြဿနာ တူရကီ၊ ကာတာနှင့် ဆီးရီးယား ခေါင်းဆောင်များ ဆွေးနွေးမည်

လက်ဘနွန်ဝန်ကြီးချုပ် ဆာအက်ဒ်ဟာရီရီနှင့် လုပ်ကြံခံခဲ့ရသော ၎င်း၏ ဖခင် ရာဖစ်ခ် ဟာရီရီတို့၏ ပိုစတာပုံကို ဘေရွတ်မြို့၌ တွေ့ရစဉ်။

ဘေရွတ် ဇန်နဝါရီ ၁၆

တူရကီ၊ ကာတာနှင့် ဆီးရီးယားနိုင်ငံများမှ ခေါင်းဆောင်များသည် လက်ဘနွန်နိုင်ငံရေးပြဿနာနှင့် ပတ်သက်၍ ဆွေးနွေးရန် ဆီးရီးယားနိုင်ငံ ဒမတ်စကပ်မြို့၌ တွေ့ဆုံကြမည်ဖြစ်ကြောင်း တူရကီအနာတိုလီယာ သတင်းဌာနက ယနေ့ဖော်ပြသည်။

တူရကီဝန်ကြီးချုပ် ရီဆစ်တေယစ်အာဒိုဂန်သည် ကာတာစော်ဘွား ရှိတ်ဟာမက်ဘင်ခါလီဖာ အယ်လ်သာနီ၊ ဆီးရီးယားသမ္မတ ဘာရှားရ်အာဆက်ဒ်တို့နှင့် ဇန်နဝါရီ ၁၇ ရက်တွင် တွေ့ဆုံမည်ဖြစ်ကြောင်း အနာတိုလီယာသတင်းဌာနက ဖော်ပြသည်။

ဟစ်ဇ်ဘိုလာအဖွဲ့၏ မဟာမိတ်များဖြစ်သော ဝန်ကြီးများ နုတ်ထွက်ခဲ့ပြီးနောက် အနောက်အုပ်စု ကျောထောက်နောက်ခံပြု လက်ဘနွန်အစိုးရပြိုကွဲခဲ့ရပြီး ပြည်တွင်း၌ ဟစ်ဇ်ဘိုလာအဖွဲ့နှင့် လက်ဘနွန် အိမ်စောင့်အစိုးရတို့အကြား နိုင်ငံရေးအရ အားပြိုင်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

အိမ်စောင့်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဆာအက်ဒ်ဟာရီရီ ဦးဆောင်သောအုပ်စုနှင့် ဟစ်ဇ်ဘိုလာအုပ်စုတို့အကြား တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန်ရှိပြီး ယင်းဆွေးနွေးမှုများ မအောင်မြင်ခဲ့ပါက လက်ဘနွန်ပြည်တွင်းရေး အခြေအနေသည် ကမောက်ကမဖြစ် ဖွယ်ရာရှိသည်။

လက်ဘနွန်နိုင်ငံရေးပြဿနာသည် ၂၀၀၅ ခုနှစ်က ဝန်ကြီးချုပ်ဟောင်း ရာဖစ်ခ်ဟာရီရီ လုပ်ကြံခံရမှုနှင့် စပ်လျဉ်း၍ ကုလတရားရုံးတစ်ရုံးက ဟစ်ဇ်ဘိုလာအဖွဲ့ဝင်အချို့ကို တရားစွဲဆိုနိုင်ဖွယ်ရှိမှုအပေါ်တွင် အခြေခံ၍ ပေါ်ပေါက်ခဲ့သည်။

ရာဖစ်ခ်ဟာရီရီသည် လက်ရှိ လက်ဘနွန်အိမ်စောင့်အစိုးရ ဝန်ကြီးချုပ် ဆာအက်ဒ်ဟာရီရီ၏ ဖခင်ဖြစ်သည်။ **အေပီ။**

အိန္ဒိယ၌ ဆိပ်ကမ်းသစ်များ တည်ဆောက်ရန် လာမည့်၁၀နှစ်တွင် ဒေါ်လာဘီလီယံ ၁၀၀ သုံးစွဲမည်

မွမ်ဘိုင်း ဇန်နဝါရီ ၁၆

အိန္ဒိယနိုင်ငံသည် ၂၀၂၀ ခုနှစ်အထိဖြစ်သော လာမည့် ၁၀ နှစ်တာကာလအတွင်း ပင်လယ်ဆိပ်ကမ်းသစ်များ တည်ဆောက်ခြင်းနှင့် သင်္ဘောလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရူပီး ၄ ဒသမ ၅၂ ထရီလီယံ(ဒေါ်လာ ဘီလီယံ ၁၀၀) သုံးစွဲမည်ဖြစ်ကြောင်း သင်္ဘောလုပ်ငန်းဝန်ကြီး ဂျီကေဗာဆန်က ဇန်နဝါရီ ၁၄ ရက်တွင် ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် နှစ်စဉ်သင်္ဘောတင်ကုန်ပစ္စည်း တင်ပို့နိုင်စွမ်းကို လက်ရှိ တန်ချိန် ၃ ဒသမ ၂ ဘီလီယံရှိရာမှ ၂၀၂၀ ခုနှစ်အရောက်တွင် သုံးဆအထိ မြှင့်တင်သွားနိုင်ရန် ရင်းနှီးမြှုပ်နှံမှုများ လုပ်သွားမည်ဖြစ်ကြောင်း ဝန်ကြီးဗာဆန်က ၂၀၁၀-၂၀၂၀ခုနှစ် ပင်လယ်ရေကြောင်း ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ကို ထုတ်ပြန်ကြေညာရာ၌ ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာ့သင်္ဘောတည်ဆောက်ရေးစက်မှုလုပ်ငန်းတွင် ဈေးကွက်ဝေစုတစ်ရာခိုင်နှုန်း ရရှိထားရာမှ ငါးရာခိုင်နှုန်းအထိ မြှင့်တင်ရန်လည်းကောင်း၊ ကမ္ဘာ့သင်္ဘောတင်ကုန်ပစ္စည်း သယ်ယူပို့ဆောင်ရေး ဈေးကွက်တွင် လက်ရှိ ခြောက်ရာခိုင်နှုန်းရှိရာမှ ကိုးရာခိုင်နှုန်းထက်မနည်း ရှိလာရန်လည်းကောင်း ရည်မှန်းသည်။

အိန္ဒိယနိုင်ငံ၏ အရှေ့ဘက်ပင်လယ်ကမ်းရိုးတန်းနှင့် အနောက်ဘက်ပင်လယ်ကမ်းရိုးတန်းဒေသတို့၌ ဆိပ်ကမ်းသစ်နှစ်ခုတည်ဆောက်ရန် ရည်မှန်းကြောင်း ၎င်းကပြောကြားသည်။ **အင်တာနက်။**

သီရိလင်္ကာရေဘေးသင့် ပြည်သူများအတွက် အကူအညီပေးရန် ကုလဖိတ်ခေါ်

သီရိလင်္ကာ ဇန်နဝါရီ ၁၆ - သီရိလင်္ကာ ရေဘေးသင့်ပြည်သူများအတွက် အရေးပေါ်အကူအညီများပေးရန် ကုလသမဂ္ဂက ကမ္ဘာ့နိုင်ငံများအား မေတ္တာရပ်ခံလိုက်ကြောင်း စနေနေ့သတင်းများတွင် ဖော်ပြသည်။

သီရိလင်္ကာတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရိတ်သိမ်းခါနီးစပါးခင်းများ ရေလွှမ်းခံခဲ့ရပြီး လူရာပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ကာ ၃၈ ဦး သေဆုံးခဲ့သည်။

သီရိလင်္ကာအရှေ့ပိုင်းဒေသတွင် မိုးသည်းထန်စွာရွာသွန်းခဲ့၍ ရေလွှမ်းမိုးမှုကြောင့် လူအများအပြား၏ နေအိမ်အဆောက်အအုံများ ပျက်စီးခဲ့ရသည်။ ရေဘေးသင့်ပြည်သူများအား ဆုံးရှုံးမှုများ ပြန်လည်အစားထိုးပေးနိုင်ရန်နှင့် သီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ရန် ငွေကြေးဆိုင်ရာ ကူညီမှုများကို လာမည့်ရက်များအတွင်း ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ကုလသမဂ္ဂအခြေချနေထိုင်မှုနှင့် လူသားဒုက္ခကူညီရေးဆိုင်ရာ ညှိနှိုင်းရေးမှူး နီးလ်ဘုရ်ှနေးက သောကြာနေ့နှောင်းပိုင်း ကြေညာချက်တစ်ရပ်တွင် ပြောကြားသည်။

ရေဘေးသင့်ပြည်သူများအတွက် ခြင်ထောင်၊ ရေသန့်နှင့် အစားအစာကဲ့သို့သောအရာများ ဦးစွာလိုအပ်မည်ဖြစ်ကြောင်းလည်း ၎င်းက အလှူရှင်များအား အကြံပြုပြောကြားသည်။

သီရိလင်္ကာရေဘေးသင့်ပြည်သူများအတွက် အမေရိကန်ဒေါ်လာ သုံးသိန်း၊ လှေများ၊ ရေသန့်ပုလင်းများ၊ ချက်ပြုတ်စားသောက်ရန် ပစ္စည်းများနှင့် မိုးရေခံ တာပေါ်လင်စများ လှူဒါန်းထားကြောင်း အမေရိကန်သံရုံးက ပြောသည်။

ရေလွှမ်းမိုးမှုကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်း ၅၀၀ ခန့်ရှိကြောင်း အစိုးရက ခန့်မှန်းထားသည်။ **အင်တာနက်။**

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့အရှေ့ဘက် ၁၃၇ မိုင်ခန့်အကွာတွင် ရေလွှမ်းမိုးမှု ဖြစ်ပွားနေသည်ကို ဇန်နဝါရီ ၁၅ ရက်က တွေ့ရစဉ်။

အီရတ်တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

မိုဆူးလ် ဇန်နဝါရီ ၁၆

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့၌ လေ့ကျင့်မှုတစ်ရပ်ပြုလုပ်စဉ်အတွင်း အီရတ်တပ်ဖွဲ့ဝင်နှစ်ဦး၏ ပစ်ခတ်မှုကြောင့် စနေနေ့က အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ပြီး တစ်ဦးဒဏ်ရာရခဲ့ကြောင်း သိရသည်။

မိုဆူးလ်မြို့တောင်ပိုင်းရှိ အမေရိကန်စစ်စခန်းတစ်ခု၌ အီရတ်တပ်ဖွဲ့တစ်ဖွဲ့ကို အမေရိကန်တပ်ဖွဲ့ဝင်များက လေ့ကျင့်မှုပေးနေစဉ်အတွင်း အဆိုပါဖြစ်စဉ် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ယုံကြည်ရလောက်သော သတင်းများအရ အီရတ်တပ်ဖွဲ့ဝင်နှစ်ဦးက ရုတ်တရက်ပစ်ခတ်ခဲ့မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးခဲ့ပြီး တစ်ဦးဒဏ်ရာရခဲ့ကြောင်း သိရသည်။ သို့ရာတွင် ၎င်းအီရတ်တပ်ဖွဲ့ဝင်နှစ်ဦးက အမေရိကန်တပ်ဖွဲ့ဝင်များအား အဘယ်ကြောင့် တိုက်ခိုက်ခဲ့သည်ကို မသိရသေးပေ။

အဆိုပါ အီရတ်တပ်ဖွဲ့ဝင်နှစ်ဦးကို ဖမ်းဆီးခဲ့ပြီးဖြစ်ကြောင်း အီရတ်ရဲတပ်ဖွဲ့နှင့် စစ်ဘက်ဆိုင်ရာ သတင်းအရင်းအမြစ်များက ဖော်ပြသည်။ သို့ရာတွင် ၎င်းတို့ကို အီရတ်နိုင်ငံ၏ တရားစီရင်ရေး ဥပဒေ သို့မဟုတ် အမေရိကန်နိုင်ငံ၏ တရားစီရင်ရေးဥပဒေမည်သည့်ဥပဒေအရ ထိန်းသိမ်းထားကြောင်း မသိရသေးပေ။ **အမ်အင်အေ၊ ရိုက်တာ။**

ရောမအင်ပိုင်ယာ၏အတက်အကျ သစ်ပင်များကို လေ့လာခြင်းဖြင့် သိနိုင်

လန်ဒန် ဇန်နဝါရီ ၁၆

သစ်ပင်၏ အရင့်အမာပြ သစ်ကွင်းများကို လေ့လာစူးစမ်းခဲ့ရာ အတိတ်ကာလ ဥရောပယဉ်ကျေးမှုများ စည်ပင်မှုနှင့် ကျဆင်းမှုတို့သည် ရာသီဥတု ရုတ်တရက် ပြောင်းလဲရွေ့လျားမှုနှင့် ဆက်စပ်နေကြောင်း ဇန်နဝါရီ ၁၄ ရက်က ထွက်ပေါ်လာသော လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

အီတလီနိုင်ငံ ရောမမြို့ဟောင်းတစ်နေရာ။

လွန်ခဲ့သည့် နှစ်ပေါင်း ၂၅၀၀ ခန့်က သစ်ထည်ဖြင့် ဖန်တီးပြုလုပ်ထားသော အနုလက်ရာ ၉၀၀၀ ကျော်ကို လေ့လာစူးစမ်းပြီးနောက် ဖော်ပြပါတွေ့ရှိချက်ကို သုတေသနပညာရှင်အဖွဲ့တစ်ဖွဲ့က ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။

ပူနွေးစိုစွတ်သည့် ရာသီဥတုကာလများတွင် မြို့ပြယဉ်ကျေးမှုများ ဝပြောစည်ပင်ခဲ့ပြီး ရာသီဥတုတည်ငြိမ်မှုမရှိသော ကာလများ၌ မြို့ပြနိုင်ငံများ နိုင်ငံရေးတည်ငြိမ်မှုမရှိခြင်းတို့သည် တိုက်ဆိုင်ဖြစ်ပွားခဲ့ကြောင်း သုတေသနပညာရှင်များက ဆိုသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ကို ပြန်ကြည့်ပါက ရာသီဥတုပြောင်းလဲမှုသည် လူ့သမိုင်းကို ရိုက်ခတ်မှုရှိခဲ့ကြောင်း သုတေသနအဖွဲ့တွင် ပါဝင်သော ပညာရှင်တစ်ဦးက ပြောကြားသည်။

သစ်ကွင်းများကို သိပ္ပံနည်းကျ လေ့လာခဲ့ရာတွင် ရိုမန်အင်ပိုင်ယာနှင့် ဥရောပအလယ်ခေတ် ယဉ်ကျေးမှုများ တိုးတက်ထွန်းကားချိန်နှင့် ပူနွေးစိုစွတ်သော နွေရာသီများရှိသည့်ကာလနှင့် တိုက်ဆိုင်မှုရှိကြောင်း သုတေသန အစီရင်ခံစာတွင် ဖော်ပြထားသည်။ အေဒီ ၂၅၀ နှင့် ၆၀၀ အကြား၌ ဥရောပတိုက်၏ ရာသီဥတုအခြေအနေသည် တဖြည်းဖြည်း ပြောင်းလဲလွယ်လာပြီး အနောက်ရိုမန်အင်ပိုင်ယာကျဆင်းခဲ့ကာ ဥရောပတစ်ဝန်း ငြိမ်သက်မှုမရှိခဲ့သည်ကို တွေ့ရကြောင်း အစီရင်ခံစာတွင် ဆိုထားသည်။ **အင်တာနက်။**

ဝန်ကြီး ဦးစိုးသိန်း ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စက်ရုံအလုပ်ရုံများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၆

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းသည် ဇန်နဝါရီ ၁၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်ရှိ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း၏ အမှတ်(၂)မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(ထုံးဘို)၌ ထုတ်လုပ်လျက်ရှိသည့် Myanmar Double Cab, Myanmar Single Cab မော်တော်ယာဉ်များနှင့် DS 70 engine ထုတ်လုပ်မှု၊ တိုးချဲ့တည်ဆောက်ထားသော Press Shop, Ready for Sale Vehicles Shop, Frame Shop တို့ကို ကြည့်ရှုစစ်ဆေးပြီး Performance, Endurance, Image , Regardless တို့အပေါ် အလေးထားထုတ်လုပ်ရန် နှင့် အသုံးစရိတ်ချွေတာသုံးစွဲရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၏ အမှတ်(၁) စက်နှင့်စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံ(ညောင်ခြေထောက်)၌ machine tools စက်များ၊ ထရန်စဖော်များ၊ ကြေးကြိုးထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးကာ အရည်အသွေးကောင်းမွန်စေရန်၊ ဈေးကွက်လိုအပ်ချက်ကို အလေးထားဆောင်ရွက်ရန်၊ ထုတ်ကုန်များအပေါ် အမြဲစစ်ဆေးရန်နှင့် စက်ရုံအရှုံးမရှိစေရေး အလေးထားကြိုးပမ်းရန် မှာကြားသည်။

ထို့နောက် စက်ရုံအတွက် သောက်ရေသန့်စက်၊ လုပ်ငန်းခွင်သာယာရေး၊ အလုပ်ချိန်ပြင်ပနေထိုင်မှု သက်သာချောင်ချိရေးတို့ကိုလည်း ပံ့ပိုးဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း ပန်းတောင်းမြို့နယ်ရှိ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုလုပ်ငန်း၏ အမှတ်(၂) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ (ထုံးဘို)၌ ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာ အက်စ်၊ အယ်လိုင်နစ်ခ်နှင့်အဖွဲ့တို့ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတို့အကြား ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။
(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဘယ်လာရုစ်သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၆

ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာ အက်စ်၊ အယ်လိုင်နစ်ခ်၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ဇန်နဝါရီ ၁၃ရက်မှ ၁၄ ရက်အထိ သွားရောက်ခဲ့ပြီး ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။

ဒုတိယ နိုင်ငံခြားရေးဝန်ကြီးများ ဦးဆောင်သော နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတို့အကြား ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၃ရက် ညနေ ၃ နာရီခွဲတွင် ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များသည် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် နိုင်ငံတကာနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ လယ်ယာစိုက်ပျိုးရေး၊ ကုန်သွယ်ရေး၊ စက်မှုနှင့် အခြားစီးပွားရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတို့အကြား ညှိနှိုင်းဆွေးနွေးမှု ထူထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဘယ်လာရုစ် ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာ အက်စ်၊ အယ်လိုင်နစ်ခ်တို့က လက်မှတ်ရေးထိုးကြသည်။ ညပိုင်းတွင် ဘယ်လာရုစ် ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာ အက်စ်၊ အယ်လိုင်နစ်ခ်က မြန်မာကိုယ်စားလှယ်အဖွဲ့အား ညစာဖြင့် တည်ခင်းဧည့်ခံသည်။

ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် ဇန်နဝါရီ ၁၃ ရက် ညနေပိုင်းတွင် ဘယ်လာရုစ်နိုင်ငံ BSVT ကုမ္ပဏီမှ ဒုတိယညွှန်ကြားရေးမှူး Mr. Alexander Ivanov အား လက်ခံတွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗထူးတပ်မြို့အခြေခံပညာအထက်တန်းကျောင်း ယခင်(တပ်မတော်ကလေးများအထက်တန်းကျောင်း)အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

ဗထူးတပ်မြို့ အခြေခံပညာအထက်တန်းကျောင်း ယခင်(တပ်မတော်ကလေးများ အထက်တန်းကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများက အသက်(၆၀)နှစ်အထက် ကျေးဇူးရှင် ဆရာကြီး၊ ဆရာမကြီးများအား ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ဘောဂသိဒ္ဓိ စားသောက်ဆိုင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကိုညွန့်အောင် ဖုန်း-၀၁-၂၄၆၂၈၃၊ မသန်းသန်းခွဲ့ ဖုန်း-၇၃၀၃၃၄၃၅၊ ကိုညွန့်မောင် ဖုန်း-၀၁-၅၂၄၃၁၆၊ မစန်းစန်း ဖုန်း-၀၁-၆၄၀၁၈၇၊ မခင်နီနီအောင် ဖုန်း-၀၉-၅၀၄၇၄၁၁၊ မစိုးစိုးရီ ဖုန်း-၀၉-၅၀၁၅၆၃၅၊ မယဉ်ယဉ်သောင်း ဖုန်း-၀၉-၅၁၄၂၀၁၅၊ ကိုကျော်ဆန်းထွန်း ဖုန်း-၀၁-၆၅၀၉၈၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဝက်ရောဂါ စူးစမ်းရှာဖွေရေးစီမံချက် စည်းဝေး

ကျောက်တန်း ဇန်နဝါရီ ၁၆

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော ဝက်ရောဂါ စူးစမ်းရှာဖွေရေးစီမံချက် အစည်းအဝေးကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၆ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇေယျ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကျော်ဇင်တို့က အမှာစကားပြောကြားပြီး **(အောက်ဝဲပုံ)** မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးအရာရှိ ဒေါက်တာသီတာထွေးက ဝက်ရောဂါစူးစမ်းရှာဖွေရေး လုပ်ငန်းစီမံချက်အကြောင်းကို အသေးစိတ် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်နေ ကွယ်လွန်သူ ဗိုလ်မှူးကံရှိန်အား ရည်စူး၍ ဇနီး ဒေါ်ခင်လေးသန်း၊ သားသမီးများဖြစ်ကြသော ဦးဆန်းသက်ရှိန်-ဒေါ်သင်းသင်းဆွေ၊ ဦးသက်နိုင်-ဒေါ်မိမိဆန်းရှိန်မိသားစုတို့က ခရမ်းမြို့ အမှတ်(၁) အခြေခံပညာ မူလတန်းကျောင်းသို့ ငွေကျပ် သိန်း ၆၀ ကျော်တန်မြေကွက်ကို ဇန်နဝါရီ ၄ ရက်က ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးတိုးအောင် လက်ခံစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းနေ အဘိုးဦးမျိုးတင့်နှင့် နှစ်ဖက်သော မိဘများအား အမှူးထားလျက် လားရှိုးမြို့ အမှတ်(၉) တပ်မတော်ဆေးရုံ ခုတင်(၁၀၀)မှ ဗိုလ်မှူးမိုးဇော်မြင့်၊ ဇနီး ဒေါက်တာဖြူတီထွန်း (ဗဟိုအမျိုးသမီးဆေးရုံကြီး)၊ သား မောင်ထူးသဲဟိန်းမိသားစုက ခြောက်နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ထာဝရဆေးပဒေသာပင်အတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပေဖော်ဝါရီလထုတ် တေဇရုပ်စုံစာစောင် ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၆

"ပြည်ထောင်စုဖွားတိုင်းရင်းသားများ" ဖြစ်သော တိုင်းရင်းသားတို့၏ မျက်နှာဖုံးဓာတ်ပုံနှင့်အတူ သိပ္ပံစိုးမြင့်နိုင်၊ မန်းတင့်မော်တို့၏ ကဗျာများ၊ တင်အောင်နီ၊ မြေဇာ၊ လွမ်းမောင်(သုဝဏ္ဏ)၊ အကိန်း၊ ကိုငယ်၊ ဖေစန်းတို့၏ တေဇတို့အရွယ် ကလေးငယ်တို့အတွက် ပညာပေးလက်ရာမြောက်ကာတွန်းများ၊ ဒေါက်တာသန့်စင်နှင့် ကိုချစ်စရာတို့၏ ဆောင်းပါးများ၊ ဦးစော၏ပုံပြင်ရှည်၊ Waddi Oo ၏ English for Tayza ကဏ္ဍ၊ ကာတွန်းမောင်ဒင်၏ အဖြေညှိစရာပဟေဠိပါ၊ ကလေးတို့၏အတွေး၊ ကလေးတို့၏အရေး ကဗျာတိုလေးများ၊ ယဉ်မင်း၏ "ဆေးရောင်လှလှ ခြယ်ကြရအောင်" ကဏ္ဍလေးများကို အားပါးတရ ဖတ်ရှုကြ ရမည်ဖြစ်ပြီး တေဇရုပ်စုံစာစီစာကုံးပြိုင်ပွဲ ဆုရစာရင်းနှင့် ပထမဆုရ ကျောင်းသူ မခင်မြတ်ဝတ်ရည်ဦး၏ ဆုရစာစီစာကုံးပါရှိသည်။

တေဇရုပ်စုံစာစောင်ကို အမှတ် (၁၈၁) (၃၂)လမ်း ရန်ကုန် မြို့ ဖုန်း-၃၇၁၂၄၄နှင့် အမှတ် (၁၅) တပ်မြေ မိုးကောင်းဘုရားလမ်း ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၉၂၇၃ တို့သို့ မှာကြားဝယ်ယူဖတ်ရှုနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

လယ်ယာစပါး ပြည့်အားထား
တားဆီးကာကွယ် မီးရန်စွယ်။

လမ်းမကြီးမှ

ကျွန်တော်တို့သတင်းအဖွဲ့သည် သာဂရ ရှင်းလင်းဆောင်မှ ထွက်ခဲ့ပြီး ဖိုးကျားရွာ၊ လှည်းပွဲကြီး၊ လှည်းပွဲလေး၊ သစ်ပုတ်ပင်နှင့် ကျောက်မဆင် စခန်းများတွင် လမ်းလုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်နေကြပုံကို သတင်းဓာတ်ပုံများ ရိုက်ကူးကြသည်။ ပဲခူးရိုးမတောကြီးအတွင်း ဖောက်လုပ်နေသည့် ရိုးမဖြတ်လမ်းများကို သွားရောက်လေ့လာဖူးသော်လည်း ယခုဖောက်လုပ်နေသော သာဂရ-ကိုးပင် ရိုးမဖြတ်လမ်းတစ်လျှောက်တွင် တွေ့ရသည့် မြင်ကွင်းများက ဆန်းနေသည်။ အဘယ်ကြောင့်ဆိုရပါမူ လမ်းတစ်လျှောက်တွေ့ခဲ့ရသည့် မြန်မာ့အဖိုးတန်ကျွန်းပင်များကြောင့် ဖြစ်သည်။ သာဂရ-ကိုးပင် ရိုးမဖြတ်လမ်းကြီးအား ပဲခူးရိုးမကြီးကိုဖြတ်၍ ဖောက်ခဲ့ရသကဲ့သို့ အဖိုးတန် မြန်မာ့ကျွန်းတောကြီးကို ဖြတ်သန်း၍ ဖောက်လုပ်နေရသည်။ လမ်းအူကြောင်းအား အဖိုးတန်ကျွန်းပင်များကို ရှောင်၍ ရှာခဲ့သည်ဆို၏။ ထို့ကြောင့် အဖိုးတန်ကျွန်းသစ်တောကြီးအတွင်းမှ အဖိုးတန်ကျွန်းပင်ကြီးများကို လမ်းဘေး ဝဲ၊ ယာ၌ အစီအရီ တွေ့ခဲ့ရသည်။

ကျွန်တော်သည် ဝဲ၊ ယာ ကျွန်းပင်ကြီးများခြံရံလျက် ဖောက်လုပ်ထားသော ရိုးမဖြတ်လမ်းမကြီးပေါ်၌ပင် အထူးစီမံကိန်းကြီးများ တည်ဆောက်ရေးအထူးအဖွဲ့(၁)မှ စီမံကိန်းအင်ဂျင်နီယာအဖွဲ့ဝင်တစ်ဦးဖြစ်သည့် အင်ဂျင်နီယာမှူး ဦးဝဏ္ဏဇော်အား ကိုးပင်-သာဂရလမ်းနှင့်ပတ်သက်၍ သိလိုသည်များကိုမေးခဲ့ရာ ဦးဝဏ္ဏဇော်က ကိုးပင်-သာဂရလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးများတည်ဆောက်ရေး အထူးအဖွဲ့(၁)မှ အင်ဂျင်နီယာချုပ် ဦးတင်ဆန်း(လမ်း)၊ အင်ဂျင်နီယာမှူးကြီး ဦးမြင့်ကြည်၊ မိမိနှင့်အတူ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အဖွဲ့အစည်းကိုးဖွဲ့၊ ကုမ္ပဏီပေါင်း ၁၃ ဖွဲ့ပေါင်း ၂၂ ဖွဲ့ဖြင့် ဖောက်လုပ်နေခြင်းဖြစ်ကြောင်း။

ဤလမ်းသည် ၂၀၀၁ ခုနှစ် မတ်လမှစတင်၍ သစ်တောရေးရာ ဝန်ကြီးဌာနက သစ်ထုတ်လုပ်ရေးလမ်းအဖြစ်အသုံးပြုရန် စတင်ဖောက်လုပ်ခဲ့သောလမ်း ဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီး သာဂရမြို့မှ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး နယ်စပ်အထိ မိုင် ၅၀ ၂ ဖာလုံရှိပြီး ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်အထိ ၄၆ မိုင် ၁ ဖာလုံ စုစုပေါင်း ၉၆ မိုင် ၃ ဖာလုံရှိကြောင်း၊ ဤလမ်းအား သစ်တောရေးရာဝန်ကြီးဌာနမှ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ ၃၀-၁-၂၀၀၄ ရက်တွင် လွှဲပြောင်းပေးခဲ့သဖြင့် ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်မှ စတင်တာဝန်ယူ ဆောင်ရွက်ခဲ့သောလမ်းဖြစ်ကြောင်း။

လွှဲအပ်စဉ်က လမ်းအခြေအနေမှာ အတက်အဆင်း ကြမ်းကြမ်းဖြင့် မြေလမ်း ၇၈ မိုင် ၄ ဒသမ ၅ ဖာလုံ၊ အမာခံ လမ်းကျဉ်း ၁၂ မိုင် ၇ ဖာလုံ၊ ပြုပြင်ရန်လိုအပ်နေသည့် ကတ္တရာလမ်း ၇ မိုင် ၇ ဒသမ ၅ ဖာလုံတို့ဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါလမ်းကို တစ်ဆက်တစ်စပ်တည်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်၍ လမ်းတာပေါင်အကျယ်ကို ပေ ၅၀ အထိဆောင်ရွက်ပြီး ကတ္တရာလမ်းအကျယ် ၁၂ပေအထိ ခင်းသွားမှာ ဖြစ်ကြောင်း၊

ကိုးပင်-သာဂရလမ်းဖောက်လုပ်ရာတွင် ဖို့မြေများနေရာတွင် ပြေပြစ်စေရန် ဤသို့ စက်ကြီးများဖြင့် ညှိပေးနေစဉ်။

ရိုးမဖြတ်လမ်းမှာ တောင်ပေါ်လမ်းဖြစ်၍ ယာဉ်နှင့် ကုန်ပေါင်းတန် ၄၀ ရှိ မော်တော်ယာဉ်များ အသုံးပြုနိုင်မှာဖြစ်ကြောင်း။

သာဂရ-ကိုးပင် ရိုးမဖြတ်လမ်းကြီးမှာ ယခင်က သစ်ထုတ်လုပ်ရေးအတွက်သာရည်ရွယ်၍ ဖောက်လုပ်ထားခြင်းဖြစ်သဖြင့် ယခုလို အများပြည်သူသုံးလမ်းမကြီးအဖြစ် ပြုပြင်တည်ဆောက်ရာတွင် ယာဉ်အတက်အဆင်း မြင့်မားလွန်းသည့်နေရာများ၌ မြေသားနှိမ့်ချခြင်း၊ ဖို့ခြင်းတို့ဖြင့် မြေသားလုပ်ငန်း အတော်များများဆောင်ရွက်ခဲ့ရကြောင်း၊ အထူးသဖြင့် သာဂရ-ကိုးပင်လမ်းတွင် ဖိုးကျားစခန်းမှစ၍ သဘာဝကျွန်းတောကြီးမှ ကျွန်းပင်ကြီးများနှင့် သစ်တောဦးစီးဌာန ကျွန်းစိုက်ခင်းများကို မထိခိုက်အောင် ရှောင်ကွင်းဖောက်လုပ်ခဲ့ကြောင်း။

ဤကိုးပင်-သာဂရ ရိုးမဖြတ်လမ်းကြီးကို မိမိတို့ အထူးစီမံကိန်းကြီးများ တည်ဆောက်ရေးအထူးအဖွဲ့(၁)နှင့်အတူ တိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီများက ၂၈-၄-၂၀၁၀ ရက်မှ စ၍ စီမံကိန်းကို စတင်အကောင်အထည်ဖော်ခဲ့ပြီး သတ်မှတ်ကာလအတွင်းပြီးရန် အစွမ်းကုန်ဆောင်ရွက်နေပါကြောင်း စသဖြင့် ပြောပြသည်။

အဆိုပါ ကိုးပင်-သာဂရ ရိုးမဖြတ်လမ်းကြီးတွင် ပေ ၅၀ နှင့် ပေ ၁၈၀ ကြား တံတားငါးစင်း၊ ပေ ၅၀ တံတားနှစ်စင်း၊ ပေ ၃၀ တံတားငါးစင်း၊ ပေ ၂၀ တံတား ကိုးစင်း၊ ရေထုတ်ပြွန်ငယ် ၃၄ စင်းပါဝင်ပြီး ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းမြင့်မွန် ဦးဆောင်သော တံတားအထူးအဖွဲ့(၅)နှင့် အထူးစီမံကိန်းကြီးများ တည်ဆောက်ရေးအဖွဲ့(၁)တို့က တာဝန်ယူ၍ တည်ဆောက်နေခြင်းဖြစ်သည်။

ကျွန်တော်သည် ပဲခူးတိုင်းဒေသကြီး သာဂရမှသည် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်အထိကို ကားဖြင့် ခရီးနှင်ခဲ့ပြီး လိုအပ်သောသတင်းအချက်အလက်နှင့် လုပ်ငန်းခွင်ဓာတ်ပုံများ ရရှိပြီဖြစ်၍ ရိုးမတောကြီးအတွင်းမှ ထွက်ခဲ့သည်။

မကြာသောကာလအတွင်း၌ ပဲခူးရိုးမကြီးကိုဖြတ်၍ ကိုးပင်မှ သာဂရစက်မှုနယ်မြေသို့ ရောက်ရှိမည့် ရိုးမဖြတ်လမ်းကြီး နောက်ထပ်တစ်လမ်း ပြီးစီးတော့မည်ဖြစ်သည်။ သည်လမ်းကြီးပြီးသွားလျှင် ရိုးမကြီးခြား၍ နှစ်ပေါင်းများစွာ ဆုံစည်းခွင့်မရခဲ့ကြသည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများလည်း အချင်းချင်း ဆုံစည်းကြရပြီး ညီရင်းအစ်ကို မောင်ရင်းနှမသဖွယ် ချစ်ချစ်ခင်ခင်ဖြင့် တစ်ဦးထံတစ်ဦး အစဉ်သဖြင့် သွားလာနိုင်ကြတော့မည်ဖြစ်သည်။

ဤသို့ဖြင့် တိုက်ကြီး-ဖောင်ကြီး-ပဲခူးလမ်း၊ မင်းလှ-စိန်ကန့်လန့်-မြို့ချောင်းလမ်း၊ ကိုးပင်-သာဂရလမ်း၊ ပြည်-ပေါက်ခေါင်း-အုတ်တွင်းလမ်း၊ ချောင်းနက်-တောင်ညို-နေပြည်တော်လမ်း၊ မကွေး-ကံပြား-မြို့သစ်လမ်း၊ တောင်ညို-နေပြည်တော်လမ်း၊ နတ်မောက်-ပျော်ဘွယ်လမ်းဟူသည့် လမ်းမကြီး ခုနစ်လမ်းကို ပဲခူးရိုးမကြီးပေါ်မှ ဖြတ်သန်းဖောက်လုပ်လျက် ရိုးမကြီးအရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းကို တစ်ဆက်တစ်စပ်တည်းဖြစ်အောင် ဖန်တီးလိုက်ပြီး ရိုးမကို အောင်မြင်မှုရယူလိုက်သည်။

ထို့ကြောင့် ကျွန်တော်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ စွမ်းဆောင်မှုကို "လမ်းမကြီးခုနစ်သွယ်ဖြင့် ရိုးမကိုအောင်မြင်ခြင်း"ဟု မှတ်တမ်းပြု တင်စားရေးသားလိုက်ခြင်းဖြစ်ပါတော့သည်။ ။

ကိုးပင်-သာဂရ ရိုးမဖြတ်လမ်းမှ အကျယ်ချဲ့ထားသော မြေသားလမ်းမကြီးကို တွေ့ရစဉ်။

ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ်ဖြန့်ချိ

နေပြည်တော် ဇန်နဝါရီ ၁၆

မြန်မာပို့စ်ဂျာနယ် အတွဲ(၃) အမှတ်(၃)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် ပြည်တွင်းဘဏ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ပဘဏ်လုပ်ငန်းများကို ယှဉ်ပြိုင်နိုင်ရန် ကြိုးပမ်း Speakers' Corner ကဏ္ဍ၊ ထားဝယ်ရေနက်ဆိပ်ကမ်း သံမဏိစက်ရုံစီမံကိန်း ထိုင်းနိုင်ငံက အဓိကရင်းနှီးမြှုပ်နှံမည်၊ မြဝတီ-မဲဆောက်နယ်စပ်ဒေသ ကုန်သွယ်မှုပြန်လည်ဖွံ့ဖြိုးတိုးတက်၊ MC Will ဖုန်းများ လျှောက်ထားရာတွင် ကြားခံပွဲစားမလို စသည့် မျက်နှာဖုံးသတင်းများနှင့် မောင်ဝံသ၊ ထွန်းနေဦး၊ မော်ကျွန်းစိုးမြင့်၊ ဦးအောင်ကျော်ကျော် (ကျန်းမာရေးပညာ)တို့၏ လေ့လာမှတ်သားဖွယ် ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့ပြင် နှစ်သစ်တွင် မြန်မာ-တရုတ် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆုမွန်ကောင်းတောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အကောင်းဆုံးနိုင်ငံ ၂၀ စာရင်း၌ မြန်မာပါဝင်၊ ဂျပန်စီးပွားရေးလုပ်ငန်းရှင်များ၏ မြန်မာနိုင်ငံအပေါ် စိတ်ဝင်စားမှုမြင့်တက်လာ၊ မြန်မာနိုင်ငံနှင့် ပင်လယ်ရေကြောင်း ကုန်သွယ်မှုမြှင့်တင်ရန် အိန္ဒိယလိုလား၊ မြန်မာ-အိန္ဒိယ နယ်စပ်လမ်းများ အဆင့်မြှင့်တင်မှု ယခုနှစ်အတွင်း စတင်ဆောင်ရွက်မည်၊ မြန်မာအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသို့ စက်သုံးဆီများ တိုးမြှင့်တင်ပို့ရန် အင်ဒိုနီးရှားပါတာမီနာ စီစဉ်၊ မြန်မာနိုင်ငံအတွက် ARV ဆေးဝါးများ ၂၀၁၅ ခုနှစ်အထိ ဆက်လက်ထောက်ပံ့မည်၊ သက်ကြီးစာရေးဆရာ၊ ဆရာမများ ဆေးကုသမှုရန်ပုံငွေအဖွဲ့က စာရေးဆရာများအား အခမဲ့ကုသပေးမည်၊ F4 ချစ်သူ ဇာတ်ကားမှ ကိုရီးယားမင်းသား Kim Bum နှင့် နှင်းပွင့်ဧကရီဇာတ်ကားမှ ကိုရီးယားမင်းသမီး Sung Yuri တို့ လာရောက်မည် စသည့် စိတ်ဝင်စားဖွယ် သတင်းများ ဖော်ပြပါရှိသည်။ (သတင်းစဉ်)

ဆေးတက္ကသိုလ်(၁)ရန်ကုန် အာစရိယပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

ဆေးတက္ကသိုလ်(၁) ရန်ကုန် ၁၉၈၃-၁၉၉၃ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၅ ရက်က ရန်ကုန်မြို့ CHATRIUM ဟိုတယ်၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ကန်တော့ခံဆရာကြီး၊ ဆရာမကြီး ၁၇၀ တို့ တက်ရောက်ကြသည်။

ယင်းနောက် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများ ကိုယ်စား ဒုတိယဝန်ကြီး ဒေါက်တာမြဦး(ဝဲပုံ)၊ ပါမောက္ခ ဒေါက်တာမောင်မောင်ဝင့်၊ ပါမောက္ခ ဒေါက်တာဦးသန်းအေးနှင့် ဆရာမကြီး Cecillia James တို့က ဆုံးမဩဝါဒစကား အသီးသီးပြောကြားကြပြီး ကျောင်းသားဟောင်း ဒေါက်တာအောင်ကျော်ဝင်းနှင့် ဒေါက်တာကျော်စိုးကျော်တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများကို ကန်တော့လက်ဆောင်များ ပေးအပ်ကြောင်း သိရသည်။

(ကြေးမုံ)

မြောက်ဥက္ကလာပမြို့နယ် ခေမာသီလမ်း မိုးကေသီဦးဆေးကုခန်းမှ ဒေါက်တာဦးသန်းလွင် (မယ်လမုစေတီ ဂေါပကနှင့် သင်တန်းနည်းပြဆရာ)-ဇနီးဒေါက်တာ ဒေါ်စန်းစန်းနွဲ့ မိသားစုက မယ်လမု အဘိဓမ္မာသင်တန်းသို့ ငွေပဒေသာပင်ကျပ် ငါးသိန်းကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသန်းမောင် (သင်တန်းတာဝန်ခံ)သို့ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ငါးသိုင်းချောင်းအသင်း(ရန်ကုန်) နှစ်ပတ်လည် စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၁၆

ငါးသိုင်းချောင်းအသင်း(ရန်ကုန်)၏ စတုတ္ထအကြိမ် သင်းလုံးကျွတ်နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ နောက်ဆုံးပတ်တွင် ကျင်းပမည်ဖြစ်ပါ၍ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်း၌ ဂုဏ်ထူးတစ်ဘာသာနှင့်အထက်ရရှိသူ အသင်းဝင် သား၊ သမီးများနှင့် အသက် (၈၀) နှင့်အထက် ဘိုးဘွားများ၏ အမည်စာရင်းများကို ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထား၍ ပေးပို့ကြရန်နှင့် ဆုချီးမြှင့်လိုသူနှင့် လှူဒါန်းလိုသူများ အသင်းရုံး ဖုန်း-၅၂၃၁၃၅၊ ဦးအောင်ကြည် ဖုန်း-၃၈၁၉၄၇၊ ဦးစိုးမြင့် ဖုန်း-၅၄၃၂၈၅၊ ဦးမျိုးမြင့် ဖုန်း-၅၁၈၃၂၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အမှတ်(၄)ရပ်ကွက် မှန်စီလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၂၇ ရက်က မြို့နယ်စည်ပင်အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးမြင့်အောင်နှင့် အငယ်တန်းအင်ဂျင်နီယာ-၃ ဦးသိန်းဇော်လတ်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်ရှိ ငမိုးရိပ်တံတား ကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ် ရှိ ငမိုးရိပ်တံတားကြံ့ခိုင်မှုအခြေအနေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေသည် ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်- မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၁/၂)နှင့် (၁၁/၃)ကြားရှိ ငမိုးရိပ်တံတားသို့ ရောက်ရှိပြီး တံတားကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တံတားတာဝန်ခံ အင်ဂျင်နီယာများအား မိုးတွင်းကာလ၌ ရေတိုက်စားမှုမရှိအောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၀ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီတွင် ဒဂုံမြို့နယ် ဦးဝိစာရလမ်း ရွှေတိဂုံဘုရားအနောက်ဘက်မုခ် မော်လမြိုင်ဓမ္မာရုံ၌ ကျင်းပသည်။

အသက်(၇၅)နှစ်နှင့်အထက် အဘိုး အဘွား ၆၉ ဦးအား ကန်တော့ခြင်း၊ နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်း ရှင်းလင်းဖတ်ကြားအတည်ပြုခြင်းနှင့် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ၆၅ ဦးတို့အား ဂုဏ်ပြုဆုများနှင့် စေတနာအလှူရှင်တို့အား ဂုဏ်ပြုလွှာများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ကြေးမုံ)

စာပေဆုနှင်းပွဲနှင့် ဟောပြောပွဲ ဖြူးမြို့နယ်၌ကျင်းပ

ဖြူး ဇန်နဝါရီ ၁၆

ဖြူးမြို့နယ် စာပေဟောပြောပွဲနှင့် စာပေဆုနှင်းသဘင်အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက်က မြို့နယ်ခန်းမ၌ ကျင်းပရာ တက္ကသိုလ်ဝင်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူငါးဦးနှင့် ပြင်ပစာပေဝါသနာရှင် ဝတ္ထုတိုပြိုင်ပွဲ၌ ဆုရရှိသူ လေးဦးတို့အား မြို့နယ်ဥက္ကဋ္ဌ ဦးလွင်မင်း **(ယာပုံ)**နှင့် တာဝန်ရှိသူများက ပေးအပ် ချီးမြှင့်ကြသည်။

ထို့နောက် စာရေးဆရာ မော်ဝန်းကြည်မြတ်၊ နန္ဒာမိုးကြယ်နှင့် စာရေးဆရာမ မိချမ်းဝေတို့က စာပေရေးရာများကို ဟောပြောကြကြောင်း သိရသည်။

(၁၄၀)

(၅၃) ကြိမ်မြောက်
မြန်မာနိုင်ငံဆရာဝန်ညီလာခံ

(၂၀၁၁) ခုနှစ်၊ ဇန်နဝါရီလ (၁၉)ရက် မှ (၂၅)ရက်နေ့အထိ
အမှတ်- ၂၇၉၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

မန္တလေးစီးပွားရေးလမ်းညွှန်(တကယ်အသုံးတည့်တဲ့လမ်းညွှန်) ၂၀၁၁ စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၆

နှစ်စဉ်ထုတ်ဝေလျက်ရှိသော မန္တလေးစီးပွားရေးလမ်းညွှန်(တကယ်အသုံးတည့်တဲ့လမ်းညွှန်) စာအုပ်ကို (၂၀၁၁) နှစ်ဦးတွင် အစောဆုံးထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

ယင်းစာအုပ်တွင် မန္တလေးမြို့ အပါအဝင် မုံရွာ၊ ပခုက္ကူ၊ ရွှေဘို၊ ကလေး၊ တမူး၊ မကွေး၊ မြင်းခြံ၊ မိတ္ထီလာ၊ တောင်ကြီး၊ မိုးကုတ်၊ လားရှိုး၊ မူဆယ်၊ မြစ်ကြီးနား၊ ဗန်းမော်၊ ပုဂံ-ညောင်ဦး၊ ကျောက်ပန်းတောင်း၊ ပြင်ဦးလွင်၊ ကျောက်ဆည်၊ စစ်ကိုင်း၊ မတ္တရာမြို့များနှင့် ယင်းမြို့များနှင့် ဆက်စပ်လျက်ရှိသော မြို့များ အပါအဝင် မြန်မာပြည်(အထက်ပိုင်း) မြို့ပေါင်း ၄၇ မြို့တို့၏ စီးပွားရေးလုပ်ငန်း လိပ်စာအချက်အလက်များ၊ ဖုန်းနံပါတ်များနှင့် အတွင်းရောင်စုံ စီးပွားရေးကြော်ငြာများ ပါဝင်သည်။ ယခုနှစ် ထုတ်ဝေသောစာအုပ်ကို Singapore နိုင်ငံ Times Printers တွင် ပုံနှိပ်ပြီး ပုံနှိပ်အရည်အသွေး ကောင်းမွန်စွာဖြင့် ထုတ်ဝေထားခြင်း ဖြစ်သည်။

ထို့အပြင် စီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းတို့ကို ဖော်ပြထားသော လုပ်ငန်းအမျိုးအစားခေါင်းစဉ် ၈၀၀ ကျော်နှင့် လုပ်ငန်းလိပ်စာ အချက်အလက်ပေါင်း ၈၀၀၀၀ ကျော်တို့ကိုလည်း စုစည်း၍ ဖော်ပြထားပြီး ယင်းလုပ်ငန်းလိပ်စာ အချက်အလက်များကို www.myanmarbusinessdirectory.com တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်သည်။

မန္တလေးစီးပွားရေးလမ်းညွှန်စာအုပ်ကို မြန်မာဘာသာနှင့် ထုတ်ဝေထားခြင်းဖြစ်ပြီး လုပ်ငန်းခေါင်းစဉ်နှင့် စီးပွားရေးလုပ်ငန်း လိပ်စာအချက်အလက်များကို အသုံးပြုလွယ်ကူစေရန် မြန်မာအက္ခရာစဉ်နည်းဖြင့် စီစဉ်ဆောင်ရွက်ထားသည်။



မန္တလေးစီးပွားရေးလမ်းညွှန်ကို (၄/၆) ၂၄-၂၅ လမ်းကြား ၆၂-၆၃ လမ်းကြား မြစန္ဒာလမ်းသွယ် အောင်မြေသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၇၂၂၀၀၊ ၀၉-၂၀၀၁၃၄နှင့် အမှတ်(၁၄၅) (၃၆) လမ်း(လယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၅၃၂၉၅၊ ၃၈၇၀၁၀ တို့မှ ဖြန့်ချိသည်။ (သတင်းစဉ်)

ကြေးမုံ The Mirror

အမြို့မြို့ အနယ်နယ် သတင်းများ

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက်က အဆိုပါကျောင်း သပြေခန်းမ၌ ကျင်းပရာ မြို့နယ်အဆင့်နှင့် ကျောင်းအဆင့် စာစီစာကုံးပြိုင်ပွဲများ၌ ဆုရရှိသူ မခင်စောဝင်းအား ကျောင်းအုပ်ဆရာကြီး ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဖခင်ကြီးဦးကျင်ဟုတ်အား ဦးထိပ်ထားလျက် ကွယ်လွန်သူ ဦးစိန်သက်၊ ဒေါ်ကျင်လွမ်၊ ဒေါ်သောင်းစိန်တို့အား ရည်စူး၍ ဦးကြည်လွင်-ဒေါ်နွယ်နွယ်စိန်၊ သား-သတိုးလွင်၊ စည်သူလွင်၊ သမီး-အိဖြူလွင် မိသားစုက ဇီဝတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)၌ ဆောက်လုပ်မည့် ခြောက်ထပ် သံဃာ့ဆေးကုသဆောင်သစ်ကြီး၏ အထူးခန်းတစ်ခန်းအတွက် အလှူငွေကျပ် ၂၄ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံစဉ်။ (သတင်းစဉ်)

မြင်းခြံခရိုင် ဆီမီးခုံရွာ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ဆောက်လုပ်ပြီးစီးသွားသော ကြံ့တိုင်းအောင် စာသင်ဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၅ ရက်က ကျင်းပရာ ခရိုင်ပညာရေးမှူး ဦးညွန့်သန်းထံ အလှူရှင် ဦးအောင်မင်းနှင့် ဇနီး (ကြံ့တိုင်းအောင်လွယ်အိတ်) မိသားစုတို့က ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း လှိုင်မြို့နယ်၏ ဇမ္ဗူရတနာ ယဉ်ကျေးလိမ္မာမင်္ဂလာသင်တန်းကို ဆဋ္ဌမအကြိမ် ကျင်းပရာ မြို့နယ် ပထမဆုရရှိသော မစိုးယုယုနွယ် အလက (၆)လှိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ငွေးမော် ရွှေလက်စွပ်နှင့် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ပျော်ဘွယ်-တပ်ကုန်းအပိုင်း သဘာဝဓာတ်ငွေ့ပိုက်ခင်းကျင်းနေမှု စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၆

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျွဲကတ်ကျေးရွာအနီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ဆောင်ရွက်နေသည့် ပျော်ဘွယ်-ပျဉ်းမနား-ရေနီ ၁၂ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ရေးလုပ်ငန်းစီမံကိန်း၏ ပျော်ဘွယ်-တပ်ကုန်းအပိုင်း၌ သဘာဝဓာတ်ငွေ့ပိုက်များ ဂဟေဆော်ဆက်သွယ်ခင်းကျင်းမှုလုပ်ငန်းများ ဆောင်ရွက်နေသည့်လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပိုက်လိုင်းစခန်း ယာယီ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက ပိုက်များလုပ်ငန်းခွင်သို့ သယ်ယူရောက်ရှိမှု၊ စက်ယန္တရားများ အသုံးပြု၍ ပိုက်လိုင်းအူကြောင်း ဖောက်လုပ်ပြီးစီးမှု၊ ပိုက်ဆက်သွယ် ခင်းကျင်းပြီးစီးမှုနှင့် လက်ရှိပိုက်များ ဂဟေဆော်ဆက်သွယ်မှု လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ဤပိုက်လိုင်း ဆက်သွယ်ခင်းကျင်း၍ သဘာဝဓာတ်ငွေ့ ပို့လွှတ်ဖြန့်ဖြူးနိုင်ပါက နိုင်ငံတော်၏ ပြည်တွင်းစက်မှု ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု ပိုမိုမြန်ဆန်စေရန် များစွာအထောက်အကူပေးနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် စက်စွမ်းအား၊ လူအင်အား အပြည့်အဝအသုံးချ ဆောင်ရွက်သွားရန် ဖြစ်ကြောင်းနှင့် ပိုက်များဂဟေဆော်ဆက်သွယ်ရာတွင် သတ်မှတ်နည်းစနစ်များကို တိတိကျကျ လိုက်နာဆောင်ရွက်သွားရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ပိုက်များ ဂဟေဆော် ဆက်သွယ်ခင်းကျင်းမှု လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ယခု ဆက်သွယ်ဆောင်ရွက်နေသည့် ပျော်ဘွယ်-ပျဉ်းမနား-ရေနီ ၁၂ လက်မ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းသည် အရှည် ၈၇ မိုင်ရှိ၍ မကွေး-ပျော်ဘွယ်-ပင်းပက် ၁၄ လက်မ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းမှ နေပြည်တော်ဒေသရှိ စက်ရုံအလုပ်ရုံများ သဘာဝဓာတ်ငွေ့ အသုံးပြုနိုင်ရန်အတွက် ခွဲထုတ်ဆက်သွယ်ခင်းကျင်းခဲ့ခြင်းဖြစ်ကြောင်း၊ ပိုက်လိုင်းဆက်သွယ်ပြီးစီးပါက မန္တလေးတိုင်းဒေသကြီးရှိ ဆပ်ပြာစက်ရုံ (ရမည်းသင်း)၊ ဆေးဆိုးပန်းရိုက်စက်ရုံ (ရမည်းသင်း)၊ နေပြည်တော်ဒေသရှိ မင်းကုန်းအုတ်စက်ရုံနှင့် ပန်းတင်အုတ်စက်ရုံ၊ ရေနီရှိ တန် ၈၀ ထုပ်ပိုးပစ္စည်း စက္ကူစက်ရုံနှင့် တန် ၅၀ စက္ကူပျော့ဖတ်စက်ရုံတို့နှင့် တောင်ဖီလာရှိ တစ်ရက် တန် ၅၀၀ ကျ ဘိလပ်မြေစက်ရုံ နှစ်ရုံတို့ကို သဘာဝဓာတ်ငွေ့များ ပို့လွှတ်ဖြန့်ဖြူးပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ ပျော်ဘွယ်-တပ်ကုန်းအပိုင်း၌ သဘာဝဓာတ်ငွေ့ပိုက်များ ဂဟေဆော်ဆက်သွယ်ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၇-၁-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၄။ တရားတော်
- ၇း၂၀ ၅။ ဓမ္မပူဇာတေး
- ၇း၂၅ ၆။ မျိုးချစ်တပ်မတော်
- ၇း၃၀ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၄။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၄။ အဖွင့်သီချင်း
- ၄း၁၅ ၅။ စိုက်ပျိုးသုတ
- ၄း၂၀ ၆။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄း၃၀ ၇။ မျိုးချစ်တပ်မတော်
- ၄း၄၀ ၈။ ဗွီစီဒီကျော်ကြားတေး
- ၅း၁၀ ၉။ မြန်မာစာ၊ မြန်မာစကား (အပိုင်း-၆)
- ၅း၂၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သက်တော်စောင့် (အပိုင်း-၇)**
- ၆း၀၀ ၁၂။ မြဝတီ ရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၄၀ ၁၄။ သံစဉ်လမ်းက လင်းလက်ကြယ်
- ၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အိပ်မက်ကောင်းကင် (အပိုင်း-၂၄) (ဇာတ်သိမ်း)**
- ၈း၀၀ ၁၆။ မြဝတီ ရုပ်မြင်သံကြားသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ Talk Of The Town
- ၂၁။ မေးမြန်းစူးစမ်း
- ၂၂။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဘတစ်ပြန်ကျားတစ်ပြန် (အပိုင်း-၂)**
- ၂၅။ Mini Series
- ၂၆။ သင့်အတွက်မနက်ဖြန်
- ၂၇။ အပိတ်နှုတ်ဆက်စကား
- ၂၈။ ပြီးပါပြီ။

ယောနယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၁၆

ယောနယ်အသင်း(ရန်ကုန်)၏ အကြိမ်(၄၀)မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီတော် သတ္တာဒေဝမနုဿနံ (ယောနယ်အသင်း)မွှာရုံ၌ ဇန်နဝါရီ ၃၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၂၂ ရက် နောက်ဆုံးထားပြီး အသင်းတိုက်သို့ စာရင်းပေးပို့ရမည်ဖြစ်ပြီး အသင်းဝင်များ၊ ရန်ကုန်မြို့ရောက် ယောနယ်သူ၊ ယောနယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက ဥက္ကဋ္ဌ ဦးအေးမောင် ဖုန်း-၂၄၀၆၁၄၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြ ဖုန်း-၃၈၆၄၄၇၊ အတွင်းရေးမှူး ဦးသာလှ ဖုန်း-၃၈၀၄၄၈၊ အသင်းတိုက် ဖုန်း-၃၈၈၂၅၈ နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

သုံးနှစ်ဆက် ချန်ပီယံ ပို့ဆောင်ရေးအမျိုးသမီးဘောလုံးအသင်း ဒိုင်းအပိုင်ရရှိ

၂၀၁၀ခုနှစ် (၁၀)ကြိမ်မြောက် အမျိုးသမီးအကြိုးတန်းဘောလုံးပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ပို့ဆောင်ရေးဝန်ကြီးဌာန အသင်းသည် ၂၀၀၈ခုနှစ်နှင့် ၂၀၀၉ခုနှစ်တို့တွင်လည်း နှစ်နှစ်ဆက်တိုက် ချန်ပီယံဆုကို ဆွတ်ခူးရရှိခဲ့ပြီးဖြစ်ရာ ယခုနှစ်သည် သုံးကြိမ်မြောက်ချန်ပီယံဖြစ်ခဲ့သည့်အတွက် ချန်ပီယံဒိုင်းဆုကို အပိုင်ရရှိသွားပြီ ဖြစ်သည်။

ယခုကဲ့သို့ ချန်ပီယံဒိုင်းဆုကို အပိုင်ရရှိခြင်းသည် အသင်းအနေဖြင့် အတွေ့အကြုံရင့်သူများ ပါဝင်နေသည့်အတွက် ဖြစ်ကြောင်း နောင်နှစ်များတွင်လည်း အောင်မြင်မှုရရှိစေရန် အတွေ့အကြုံရှိသူများနှင့် လူငယ်သွေးသစ်များ ပူးတွဲပါဝင်ကစားစေမည်ဖြစ်ကြောင်း၊ အသင်းနည်းပြချုပ်ဖြစ်သူ ဦးဝင်းစိန်က ပြောကြားသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန အမျိုးသမီးဘောလုံအသင်း ရှေ့ဆက်လုပ်ဆောင်သွားမည့် အနာဂတ်ဆောင်ရွက်မှုများနှင့် ပတ်သက်၍ အသင်းနည်းပြချုပ် ဦးဝင်းစိန်က "လက်ရှိ အအောင်မြင်ဆုံးအသင်းလို့ ဆိုနိုင်တယ်။ ရေရှည်အတွက်ကတော့ လူငယ်တွေ ထပ်မွေးမယ်။ လူကြီးတွေနဲ့ တွဲထားပေးသွားမှာဖြစ်တယ်။ လူငယ်တွေမွေးဖို့ အားကာသိပ္ပံလိုနေရာတွေကနေ လူငယ်တွေကို ခေါ်ယူမယ်။ ဝန်ထမ်း အဖြစ်ခန့်အပ်ခြင်း၊ အခြားပံ့ပိုးမှုတွေပေးခြင်း စတာတွေနဲ့ အသင်းခိုင်မြဲတည်တံ့အောင် လုပ်သွားမယ်။ အဲလိုနည်းနဲ့ အသင်းကို သွေးသစ်ဖြည့်သွားမှာဖြစ်တယ်" ဟု ပြောကြားသည်။

အသင်းခေါင်းဆောင် မမိုးမိုးဝါက ဗိုလ်လုပွဲမကစားမီ သူမ၏အသင်းအပေါ် ယုံကြည်မှုနှင့် ပတ်သက်၍ "အသင်းကို အားရတယ်။ ရှေ့၊ နောက်၊ အလယ် အားလုံးယှဉ်ကြည့်ရင် ကျွန်မတို့အသင်းက သာတယ်။ နှစ်လလောက် သေသေချာချာလေ့ကျင့်ခဲ့တယ်။ အခုဒိုင်းအပိုင်ရရှိဖို့အတွက် မှားခဲ့တာတွေ အားလုံးပြင်ဆင်ခဲ့တယ်"ဟု ပြောသည်။

အသင်းခေါင်းဆောင် မမိုးမိုးဝါ ပြောကြားစဉ်။

၂၀၁၀ခုနှစ် (၁၀)ကြိမ်မြောက် အမျိုးသမီး အကြိုးတန်းဘောလုံးပြိုင်ပွဲကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ နိုဝင်ဘာ ၃၀ ရက်က စတင်ယှဉ်ပြိုင်ခဲ့ပြီး ဇန်နဝါရီ ၃ ရက်တွင် ကျင်းပသည့် ဗိုလ်လုပွဲအဆင့်တွင် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းတို့ တွေ့ဆုံခဲ့ရာ ပို့ဆောင်ရေးဝန်ကြီးဌာန အသင်းက ပြည်ထဲရေးဝန်ကြီးဌာန အသင်းကို ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားခဲ့ခြင်းဖြစ်သည်။

ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက တာဝန်ယူ၍ လူရွေးချယ်ခြင်း၊ စခန်းသွင်းလေ့ကျင့်ပေးခြင်း၊ အသင်းသားများ နေထိုင်စားသောက်ရန်နှင့် အလုပ်အကိုင်များပါ စီစဉ်ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်ပေးထားကြောင်း၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများကလည်း လိုအပ်သည်များကို စဉ်ဆက်မပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးထားခဲ့ကြောင်း သိရသည်။

နည်းပြချုပ် ဦးဝင်းစိန် ရှင်းလင်းပြောကြားစဉ်။

ချန်ပီယံဒိုင်းဆု အပိုင်ရရှိသွားသော ပို့ဆောင်ရေးအမျိုးသမီးဘောလုံးအသင်း။

သတင်း - ယမင်းကြေးမုံ ➤ ဓာတ်ပုံ - မောင်ကြင်နော (ပြည်တွင်းရေကြောင်း)

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ကွန်ပျူတာသင်တန်း အမှတ်စဉ်(၄) ဖွင့်လှစ်

နေပြည်တော် ဇန်နဝါရီ ၁၆

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ကွန်ပျူတာသင်တန်း အမှတ်စဉ်(၄) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၃ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဖွင့်လှစ်ပို့ချ

မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းတွင် ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ ပထမအကြိမ်တွင် သင်တန်းသား ၃၀၊ ဒုတိယအကြိမ်တွင် သင်တန်းသား ၃၀၊ တတိယအကြိမ်တွင် သင်တန်းသား ၄၀ နှင့် ယခုဖွင့်လှစ်သော စတုတ္ထအကြိမ် ကွန်ပျူတာသင်တန်းတွင် သင်တန်းသား ၄၀ တို့အား သင်တန်းကာလ နှစ်လကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

☆ **ကျောဖုံးမှ**

ဆက်လက်၍ ဝန်ကြီး ဦးကျော်ဆန်းက မြို့နယ်အတွင်း စံ(၅)ချက်နှင့် ညီညွတ်သော ရပ်ကွက်စာကြည့်တိုက် ၁၉ တိုက်အတွက် ငွေကျပ် ၁၀၁၆၅၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များကို လှူဒါန်းရာ မြို့မိမြို့ဖအဖွဲ့ဥက္ကဋ္ဌ ဦးထိန်ဝင်းကလည်းကောင်း၊ သာကေတမြို့နယ်အတွင်းရှိ ရပ်ကွက်စာကြည့်တိုက်နှစ်တိုက်အတွက် နိုင်ငံတော်မှ မတည်ငွေကျပ် ၁၀ သိန်းစီကို ပေးအပ်လှူဒါန်းရာ ရပ်ကွက်စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌများက လည်းကောင်း၊ သာကေတမြို့နယ် စာကြည့်တိုက်အတွက် SKY NET DTH တစ်လုံးကို ပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဆန်းမင်းက လည်းကောင်း လက်ခံကြသည်။

လက်ခံ

ယင်းနောက် သာကေတမြို့နယ် အောင်မြင့်မိုရ် ပုံနှိပ်တိုက်မှ ဦးဇေမျိုးဦး၊ ဇနီး ဒေါ်ဆွေဆွေဝင်း၊ သမီး မေမြတ်နိုး တို့က ဘဝလမ်းညွှန်စာကြည့်တိုက်အတွက် ငွေကျပ် ၁၀ သိန်း၊ ဗိုလ်မှူးဖြူဝင်း(ငြိမ်း) ဇနီး ဒေါ်အေးအေးစိုး မိသားစုက ကျောင်းစာကြည့်တိုက်အတွက် ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဦးကျော်ဆန်းက လက်ခံသည်။

ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းနာယက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း အထက်တန်းနှင့် အလယ်တန်းအဆင့် ဆုရ စာစီစာကုံးများ၊ သာကေတမြို့နယ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ၏ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများ၊ ကဗျာရွတ်ဆို ပြိုင်ပွဲများနှင့် အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတို့တွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)၊ ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်၊ ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးညွန့်ဆွေ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း-လမ်းမတော်)၊ အတွင်းရေးမှူး ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)နှင့် ရုပ်ရှင်သရုပ်ဆောင် နေတိုးတို့က ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်း နာယက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း အထက်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲတွင် ပထမဆုရ မချယ်ရီဝင်းအား ဆုပေးအပ် ချီးမြှင့်စဉ်။
(သတင်းစဉ်)

လှူဒါန်း

ထို့နောက် သာကေတမြို့နယ်အတွင်းရှိ ရပ်ကွက်များနှင့် ကျောင်းစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များကို လှူဒါန်းကြရာ MCM Media Group အယ်ဒီတာချုပ်ဒေါက်တာတင်ထွန်းဦးက ငွေကျပ် ၂၆၂၄၇၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များ၊ ပေါ်ပြူလာဂျာနယ် ထုတ်ဝေသူ ဒေါ်နန်းကလျာဝင်းက ငွေကျပ် ၂၆၀၂၆၈၀ တန်ဖိုးရှိ စာအုပ်စာစောင်များ၊ Beauty Magazine အယ်ဒီတာ ဒေါ်ခိုင်စံပယ်က ငွေကျပ် ၁၈၀၀၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များ၊ စာရေးဆရာမ သီရိစံက ငွေကျပ် ၁၄၈၂၅၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များ၊ ဦးမောင်မျိုး (ကြောင်နှစ်ကောင်စာပေ) က ငွေကျပ် ၅၅၀၀၀၀ တန်ဖိုးရှိ စာအုပ်များ၊ Future Journal အယ်ဒီတာချုပ် ဦးကျော်ရဲပိုလ်က ငွေကျပ် ၅၄၀၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များ၊ 7 Day Media Group မှ အမှုဆောင်အယ်ဒီတာ ဒေါ်ငြိမ်းငြိမ်းနိုင်က ငွေကျပ် ၅၃၇၈၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များ၊ လျှပ်တစ်ပြက်ဂျာနယ် အယ်ဒီတာချုပ် ဦးမြတ်ခိုင်က ငွေကျပ် ၅၀၀၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များ၊ Myanmar Post Journal မှ တာဝန်ခံအယ်ဒီတာ မော်ကွန်းစိုးမြင့်က ငွေကျပ် ၅၀၀၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များ၊ အာယုဒီယဂျာနယ် အယ်ဒီတာချုပ် ဒေါက်တာတင်အောင်ခိုင်က ငွေကျပ် ၄၅၀၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များ၊ Mandalay Icon မဂ္ဂဇင်းအယ်ဒီတာချုပ် ဦးကြည်စိုးက ငွေကျပ် ၂၅၀၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များ၊ ပုတက်ဂျာနယ်ထုတ်ဝေသူ ဒေါ်ကြည်ကြည်စိန်က ငွေကျပ် ၂၂၅၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များ၊ Computer User မဂ္ဂဇင်း တာဝန်ခံအယ်ဒီတာ ဦးမောင်မောင်ကြီးက ငွေကျပ် ၁၆၂၄၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များ၊ IT Weekly Journal ဦးဆောင်အယ်ဒီတာ ကိုသက်(တောင်ငူ)၊ အချစ်ဂျာနယ် အယ်ဒီတာ ဦးခိုင်စိုး၊ ဒေဝီအနုပညာ သုတရသဂျာနယ်နှင့် နံနက်ခင်းဂျာနယ် အယ်ဒီတာချုပ် ဦးဝေဖြိုးသန်းတို့က ငွေကျပ် ၁၂၅၀၀၀ စီ တန်ဖိုးရှိ စာအုပ်စာစောင်များ၊ The Goal Sports Journal နှင့် World Champion Sports Journal အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းက ငွေကျပ် ၁၂၀၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များ ၊ မန္တလေးအရုဏ်ဦးဂျာနယ် အယ်ဒီတာချုပ် ဦးဟန်ညွန့်က ငွေကျပ် ၁၀၇၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များ၊ Envoy Journal အယ်ဒီတာချုပ် ဦးသိန်းအေးက ငွေကျပ် ၁၀၀၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များနှင့် အလှူရှင် ၆၀ ကိုယ်စား အလှူရှင်တစ်ဦးက ငွေကျပ် ၄၂၄၂၆၉၀ တန်ဖိုးရှိ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြရာ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်က သာကေတမြို့နယ် ကျောင်းစာကြည့်တိုက်များအတွက် ငွေကျပ် ၁၀၂၀၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဒေါ်ခင်မြင့်ရည်က လက်ခံသည်။

ရှင်းလင်းပြသ

ဆက်လက်၍ ဝန်ကြီး ဦးကျော်ဆန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ပွဲတော်ကျင်းပဆောင်ရွက်ခဲ့သည့် မှတ်တမ်းများကို ပရိဂျက်တာဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမဆုရ အမှတ်(၉) အခြေခံပညာမူလတန်းကျောင်းမှ မယွန်းဝတီဆွေနှင့် ကျပန်းစကားပြောပြိုင်ပွဲတွင်ပထမဆုရ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်တင်ထွန်းလင်းတို့က ပါဝင်ယှဉ်ပြိုင်ခဲ့မှုများကို ပြန်လည်သရုပ်ပြသကြသည်။

ယင်းနောက် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက ဇာတိမာန်သီချင်းကို သံပြိုင်သီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဝန်ကြီး ဦးကျော်ဆန်းသည် အထက်တန်းနှင့် အလယ်တန်းအဆင့် ဆုရ စာစီစာကုံးများ၊ သာကေတမြို့နယ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ၏ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယနေ့ အခမ်းအနားတွင် အလှူရှင်များက စုစုပေါင်းငွေကျပ် ၁၈၇၉၈၅၉၀ တန်ဖိုးရှိ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြရာ သာကေတမြို့နယ်အတွင်းရှိ ရပ်ကွက်စာကြည့်တိုက်များနှင့် ကျောင်းစာကြည့်တိုက်များသို့ ခွဲဝေလှူဒါန်းသွားမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်) သာကေတမြို့နယ် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော် ဆုပေးပွဲအခမ်းအနားတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၁-၂၀၁၁ (တနင်္လာနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော် + ရတနသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော်ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ"ဟောကြားတော်မူသောတရားတော်
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၃၈)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၀၅)**
၈း၄၀	ပန်းတိုင်းပွင့်စေ၍ပွင့်သော ပန်းတိုင်းမွှေးစေသူများ [အ. ထ. က(၂)စမ်းချောင်း အာစရိယပူဇော်ပွဲ]
၈း၅၀	သာသနာ့ဘုန်းကမ္ဘာတည်စေမှာ "သာယာကုန်းမဟာစည်" စိန်ရတုဝိဇာတမင်္ဂလာ
၉း၀၀	Wedding Season (ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ စုလျားရစ်ပတ်ဘိသိက်မင်္ဂလာ အခမ်းအနား)
၁၀း၀၅	Activities In The City -အ. ထ. က(၁)တောင်ဥက္ကလာ၏အာစရိယပူဇော်ပွဲ -သန်လျင်မြို့ခေမာရာမ သီလရှင်စာသင်တိုက်၏(၂၂)ကြိမ်မြောက် ပဋ္ဌာန်းအောင်ပွဲ
၁၀း၃၀	The Champion of Dance
၁၁း၀၀	Celebrity Choice (L လွန်းဝါ)
၁၁း၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၀	စုပေါင်းအလှူကုသိုလ်ယူ တူယှဉ်ဆင်နွှဲဒါနပွဲ
၁၂း၂၀	စာအုပ်စာပေလူ့မိတ်ဆွေ (စာရေးဆရာမင်းသိန်း၏ ၂၀၁၁ ရွှေမန်းဗေဒင်ဒိုင်ယာရီ)
၁၂း၄၀	ဓမ္မရံသီဉာဏ်ရောင်ခြည် အိမ်တော်ရာက မြတ်စေတီ
၁း၀၀	"ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော်ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ"ဟောကြားတော်မူသောတရားတော်
၂း၀၀	MRTV-4 သတင်း
၂း၂၀	၂၀၀၈ ခုနှစ် အကယ်ဒမီ ပြန်လည်ရင်ခုန်ခြင်း
၂း၅၅	အဆိပ်အတောက်ကင်းစင် မြန်ပြည်တစ်ခွင် ဓာတုလျှော့ချသုံးစွဲကြ (အင်းလေး)
၃း၂၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၃၈)**
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၀၅)**
၄း၅၅	ဇီးအိုရွာနှင့် သဘာဝအင်ကြင်းတော
၅း၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၅း၂၅	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	Sunday Talk [မျိုးမြတ်သူ၊ မောင်လူမွှေး (မြန်မာမှု)]
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၃၉)**
၇း၃၀	အနုပညာမိုးကောင်းကင်
၈း၀၀	MRTV-4 သတင်း
၈း၃၀	စကားနပန်း (အပေါင်းအသင်းများတာ ကောင်းတယ်၊ အပေါင်းအသင်းမများတာ ကောင်းတယ်)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၀၆)**
၁၀း၁၀	International Show Biz
၁၀း၂၅	ဆေးပညာရှင်များနှင့်ပြည့်စုံသော ချိန်းဆိုတွေ့ဆုံမှု (ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်)
၁၀း၅၅	ဈေးဝယ်လမ်းညွှန် (လပြည့်ဝန်း)
၁၁း၂၀	Man And The Elephant (အပိုင်း-၁)
၁၁း၄၀	ဗီဒီယိုပြခန်း
၁၁း၅၅	ကုသမနေ့းတီဘီဘေး (ရာဇာနေဝင်း၊ သုမောင်၊ ညီဂျော်၊ မတူး) (ဒါရိုက်တာ-ပန်းချီစိုးမိုး)
၁၂း၁၀	Box Office Movies (Surrogates)
၁၂း၃၀	Celebrity Profile (Rain)
၁း၀၀	စိတ်ဝင်စားစရာကျောက်မျက်ကမ္ဘာ (မြန်မာ့ကျောက်စိမ်း မြန်မာ့အနုပညာ)
၁း၂၀	မိုးကုတ်မြို့မှရိုးရာအစားအစာများ နှင့် ဘားနတ်ဈေးသို့ အလည်တစ်ခေါက်
၂း၀၀	Shooting Location (မျက်ခြယ်ခြံ)
၂း၃၀	လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ မြန်မာ့ရိုးရာအနုပညာ (သဘင်ပညာရပ်အကြောင်း သိကောင်းစရာ)
၂း၄၅	ကိုယ်ပိုင်ဟန်ဖက်ရှင် (တိမ်ပြာမို့မို့လွင်)
၃း၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀	စကားဝါမြေမှမေတ္တာရှင် ဇီဝိတဒါနအာရောဂျသာလာ သံဃဆေးရုံ
၄း၂၀	ကြည်ညိုဖူးမြော် ပုဂံဘုရားစေတီတော်
၄း၄၀	ဆည်မြောင်းရဲ့အားမာန်. . . ပြိုင်းချောင်းရေလှောင်တမံ
၄း၅၀	ပုဂံအိမ်ထဲကထည်ဝါမှုပြယုဂ်
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

လူထုပညာရေးမှူး မိသားစုများ မိတ်ဆုံစားပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

လူထုပညာရေးမှူးဟောင်းများမိသားစု သက်ကြီးပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဇန်နဝါရီ ၃၀ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိ ရွှေတိဂုံစေတီတောင်ဘက်မုခ် ရွှေကျင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ လူထုပညာရေးမှူး မိသားစုများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

မြောက်ပိုင်းစွန်းဒေသများ နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၁၆

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီ တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ပင်လောင်းမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် ဟဲဟိုးမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်မှာ မချမ်းဘောမြို့တွင် သုည ဒသမ ၀၄ လက်မ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဇန်နဝါရီ ၁၇ ရက် ညနေထိခန့်မှန်းချက်။ ။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံ မြောက်ပိုင်းစွန်းဒေသများတွင် နေရာ ကွက်ကျား မိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရှုံး/ထွက် ချန်ပီယံ ဥသာယူနိုက်တက် ပွဲဦးထွက်အမှတ်ပြည့်ရ

ရန်ကုန် ဇန်နဝါရီ ၁၆

၂၀၁၁ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်(၁) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ ညနေ ၄ နာရီက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့တွင် ဆက်လက်ကျင်းပရာ ဥသာယူနိုက်တက်အသင်း နိုင်ပွဲရရှိခဲ့ပြီး မနောမြေအသင်းနှင့် ကမ္ဘောဇအသင်းတို့ သရေကျသွားသည်။

(သုဝဏ္ဏကွင်း)

ဥသာယူနိုက်တက်-နှစ်ဂိုး

(လှထွန်းအောင်နှင့် ဂျူနီယာ)

Southern Myanmar - တစ်ဂိုး

(တင့်နိုင်ထွန်းသိန်း)

MFF Cup ရှုံးထွက်ချန်ပီယံ ဥသာယူနိုက်တက်အသင်းမှာ မိနစ် ၇၀ ကျော်အထိ တစ်ဂိုးဖြင့် ရှုံးနိမ့်နေခဲ့ပြီး ပွဲပြီးခါနီး ၁၄ မိနစ်အတွင်းမှ ချေပဂိုးနှင့် အနိုင်ဂိုးတို့ကို ပြန်လည်သွင်းယူနိုင်ခဲ့၍ ပွဲဦးထွက်အမှတ်ပြည့်ရခဲ့ခြင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့သွားသည့် မိုင်းအိုက်နိုင်မှလွဲ၍ ရှုံး/ထွက် ချန်ပီယံအသင်းကို အခြေခံကာပွဲထွက်လာသည့် ဥသာယူနိုက်တက်အသင်းမှာ ပုံမှန်ခြေစွမ်းမပြနိုင်၍ အနိုင်ရရန် ရုန်းကန်ခဲ့ရခြင်းဖြစ်သည်။

အသစ်ခေါ်ယူထားသည့် နိုင်ငံခြားသား ကစားသမားသုံးဦး ITC လက်မှတ်မရရှိသေး၍ မပါဝင်နိုင်ခဲ့သော်လည်း ကလစ်ဖို့ဒ်၊ တင့်နိုင်ထွန်းသိန်း၊ ဘီဂျိမ်းထွေးတို့နှင့် ပွဲထွက်လာသည့် Sothern myanmar အသင်းမှာ ပွဲအစပိုင်းတွင် အချိတ်အဆက်မိမိဖြင့် ကစားနိုင်ခဲ့ပြီး ကိုးမိနစ်တွင် တင့်နိုင်ထွန်းသိန်းက အဝေးမှကန်သွင်းကာ အဖွင့်ဂိုးရယူပေးခဲ့သည်။ယင်းနောက်ပိုင်းတွင် ဥသာယူနိုက်တက်အသင်းမှာ ချေပဂိုးရရှိရန် တရစပ် ဖိကစားခဲ့သောကြောင့် Southern အသင်း ခံစစ်အသွင်ဖြင့် ကစားခဲ့ရသည်။ ကလစ်ဖို့ဒ်ဦးဆောင်သည့် Southern နောက်တန်း အမှားမရှိခဲ့၍လည်း ဥသာအသင်းမှာ ဂိုးရရှိရန် ရုန်းကန်ခဲ့ရသည်။

Southern အသင်းနောက်တန်းမှာ ဥသာတိုက်စစ်ကို ခုခံရင်း တဖြည်းဖြည်း ပြိုဆင်းသွားပြီး ၇၆ မိနစ်တွင် ဂိုးပြန်ပေးလိုက်ရသည်။ လစ်ပီလစ်ပီ ဖန်တီးပေးသည့်ဘောလုံးကို လှထွန်းအောင်က ပိတ်သွင်းယူခဲ့သဖြင့် ဥသာချေပဂိုး ရရှိသွားသည်။ ဂိုးရရှိပြီးနောက်ပိုင်းတွင် ဥသာကစားပုံ ပိုကောင်းခဲ့ပြီး အနိုင်ဂိုးကို ၈၂ မိနစ်တွင် ကွင်းလယ်လူဂျူနီယာက သွင်းယူပေးခဲ့သည်။

(အောင်ဆန်းကွင်း)

ကမ္ဘောဇ - တစ်ဂိုး

(လှအေးထွေး)

မနောမြေ - တစ်ဂိုး

(အေးမင်းဝင်း)

(ယနေ့ပွဲ)

(သုဝဏ္ဏကွင်း)

ရက္ခပူရယူနိုက်တက် - ရတနာပုံ

(အောင်ဆန်းကွင်း)

ဇွဲကပင်ယူနိုက်တက် - ဇေယျာရွှေမြေ

သတင်းမှတ်စုနှင့်ဓာတ်ပုံ ရှိုင်းထက်ဇော်

ဥသာတိုက်စစ်မှူး လစ်ပီလစ်ပီ Southern နောက်ခံလူနှစ်ဦးကြားမှ ထိုးဖောက်နေစဉ်။

နိုင်ငံတကာအားကစားသတင်း

ပရီမီယာလိဂ် တနင်္ဂနွေညအစောပိုင်းပွဲစဉ်များ သရေဖြင့်သာအဆုံးသတ်ခဲ့

ဝင်းတင်(ကြေးမုံ)

လန်ဒန် ဇန်နဝါရီ ၁၆

ပရီမီယာလိဂ်ပွဲစဉ်(၂၃) ဒုတိယနေ့ရဲ့ အစောပိုင်းပွဲစဉ်များအဖြစ် ဆန်းဒါးလန်းနဲ့ နယူးကာဆယ်၊ ဘာမင်ဂမ်နဲ့ ဗီလာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ပွဲစလုံးသရေဖြင့်သာ အဆုံးသတ်ခဲ့ပါတယ်။

နယူးကာဆယ်အတွက် ဂိုးကို နိုလန် သွင်းယူစဉ်။

ဆန်းဒါးလန်း ၁ - ၁ နယူးကာဆယ်

အိမ်ရှင်ဆန်းဒါးလန်းမှာ ဂေါ်ဒွန်၊ ဘရန်ဘဲလ်၊ ဖာဒီနန်၊ ရစ်ချက်ဆင်၊ ဘာဒစ်လေ၊ အဆာမိုဂျန်၊ ဒါရင်ဘန့်၊ မဲလ်ဘရန့်ချ်၊ ဟန်ဒါဆင် စတဲ့ အမာခံကစားသမားများ ပါဝင်လာခဲ့ပြီး ဧည့်သည် နယူးကာဆယ်မှာ ဂူတီရာရစ်ဇ်၊ ဘာတန်၊ အလန်စမစ်၊ အမီယိုဘီ၊ ဝီလျံဆင်၊ နိုလန်၊ ကိုလီစီနီ၊ ဆန်ချက်ဇ်၊ ဂူသရီစတဲ့ အဓိကကစားသမားများ ပါဝင်လာခဲ့ပါတယ်။

ပွဲကောင်း

ဆန်းဒါးလန်းက ရာသီအကုန်မှာ ယူရိုပါလိဂ်ဝင်ခွင့်ရရေး ကြိုးစားနေသလို နယူးကာဆယ်ကလည်း အဆင့်(၁၀) အောက် ရောက်မသွားအောင် ကြိုးစားနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ပါတယ်။ နှစ်သင်းလုံးဟာ ပွဲစတာနဲ့ ခံစစ်အသွင်မကစားဘဲ တိုက်စစ်ဖွင့်ကာ ဂိုးရရေးကြိုးပမ်းခဲ့ပါတယ်။ အဆာမိုဂျန်၊ ဒါရင်ဘန့်၊ ဟန်ဒါဆင်တို့ရဲ့ အိမ်ရှင်တိုက်စစ်ကို နယူးကာဆယ်ကစားသမားတွေဖြစ်တဲ့ အမီယိုဘီ၊ ဝီလျံဆင်နဲ့ နိုလန်တို့ အကောင်းဆုံးဟန့်တားဖျက်ထုတ်နိုင်ခဲ့တာကြောင့် ပထမပိုင်း ဂိုးမရှိသရေနဲ့သာ ပြီးဆုံးစေခဲ့ပါတယ်။

ဒုတိယပိုင်းမှာ နှစ်သင်းလုံး အနိုင်ရရှိရေးဆက်လက်တိုက်စစ်ဆင်ခဲ့ရာ ပွဲချိန် ၅၂ မိနစ်မှာ နယူးကာဆယ် ဂိုးစတင်ရသွားပါတယ်။ဒီဂိုးကတော့ ညာထောင့်ကန်ဘောကို နောက်ခံလူ အမီယိုဘီ ခေါင်းတိုက်ရာမှ ပြန်ကျလာတဲ့ ဘောလုံးကို နိုလန်က နောက်ပေါက်နဲ့ သွင်းယူခဲ့တာပဲဖြစ်ပါတယ်။ ဆန်းဒါးလန်းအတွက် ချေပဂိုးကို နာကျင်အချိန်ပို ၄ မိနစ်မှာ အဆာမိုဂျန်က သွင်းယူခဲ့တာဖြစ်ပါတယ်။

ဘာမင်ဂမ် ၁-၁ ဗီလာ

ဘာမင်ဂမ်နဲ့ ဗီလာတို့ ယှဉ်ပြိုင်ခဲ့တဲ့ ပွဲမှာ တစ်ဖက်တစ်ဂိုးစီသရေကျသွားပါတယ်။ ဒီပွဲမှာ ဘာမင်ဂမ်အတွက်ဂိုးကို ပွဲချိန် ၄၉ မိနစ်မှာ ဂျွန်ဆင်ကသွင်းယူခဲ့ပြီး ဗီလာအတွက်ဂိုးကို ပွဲချိန် ၇၃ မိနစ်မှာကောလင်းက သွင်းယူခဲ့တာဖြစ်ပါတယ်။

အခြားပွဲစဉ်ရလဒ်များ

လီဗာပူး	၂ - ၂	အဲဗာတန်
စပါး	၀ - ၀	မန်ယူ
ဝက်စ်ဟမ်း	၀ - ၃	အာဆင်နယ်

အင်တာနက်။

ရီးယဲလ်မက်ဒရစ်တွင် ပြန်ကစားခွင့်ပြုရန် နစ္စတယ်ရွိုင်းတောင်းဆို

ဘာလင် ဇန်နဝါရီ ၁၆

ယခုရက်ပိုင်းတွင် ရီးယဲလ်မက်ဒရစ်၏ အားကစားဒါရိုက်တာ ဂျော့ဗဲလ်ဒါနို၏ တိုက်စစ်မှူးတစ်ဦး ခေါ်ယူနိုင်ရန် အပူတပြင်း ရှာဖွေနေကြောင်း အတည်ပြုစကားထွက်ပေါ်လာပြီးနောက် ဂျာမန်ကလပ် ဟမ်းဘတ်အသင်းတိုက်စစ်မှူး ရုဒ်ဗန်နစ္စတယ်ရွိုင်းက ရီးယဲလ်အသင်းတွင် သွားရောက်ကစားခွင့်ပြုရန် ဟမ်းဘတ်အသင်းအား တောင်းဆိုလိုက်သည်ဟု သတင်းများထွက်ပေါ်လာခဲ့သည်။

စပိန်အသင်းထံမှ နစ္စတယ်ရွိုင်းအား ခြောက်လအငှားစာချုပ်ဖြင့် ခေါ်ယူလိုသည့် ကမ်းလှမ်းမှုကို ရရှိခဲ့သော်လည်း ဂျာမန်ကလပ်သည် ရုဒ်အားအသင်းမှ ထွက်ခွာခွင့်မပေးလိုဟု ဆိုသည်။ထွက်ပေါ်လာသော သတင်းများအရ ဟော်လန်နိုင်ငံသားတိုက်စစ်မှူးက မက်ဒရစ်တွင် ပြန်ကစားခွင့်မပြုပါက ဟမ်းဘတ်အသင်းအတွက် ဘယ်တော့မှမကစားတော့ဘူးဟု ပြောကြားခဲ့သည်ဟု ဆိုသည်။

သို့သော်လည်း ဟမ်းဘတ်အသင်းမှ တာဝန်ရှိသူတစ်ဦးက ထိုစကားအတွက် မှတ်ချက်ပြုရန်ငြင်းဆိုခဲ့သည်။

ဗန်နစ္စတယ်ရွိုင်းသည် ၂၀၁၀ ခုနှစ်တွင် ဟမ်းဘတ်အသင်းသို့ မပြောင်းရွှေ့မီ ရီးယဲလ်မက်ဒရစ်အသင်းအတွက် ၉၆ ပွဲကစားပြီး ၆၄ ဂိုးသွင်းယူပေးခဲ့သည်။

ဟမ်းဘတ်အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲဝင် အသင်းတစ်သင်းမဟုတ်သောကြောင့် ရီးယဲလ်အသင်းသည် နစ္စတယ်ရွိုင်းအား ခေါ်ယူနိုင်ပါက သူ့အားချန်ပီယံလိဂ်ပွဲစဉ်များတွင် ထည့်သွင်းကစားနိုင်မည်ဖြစ်သည်။

အင်တာနက်။

ဘောလုံးသမားများအသက်လိမ်မှုတိုက်ဖျက်ရန် ရိုးတွင်းခြင်ဆီစမ်းသပ်နည်း အာဖရိကတွင်အောင်မြင်

ရာဒါ ဇန်နဝါရီ ၁၆

အာဖရိကတိုက်တွင် ကျင်းပသော ပြိုင်ပွဲများ၌ အသက်လိမ်လည်ခြင်းသည် အတိတ်တစ်ခုအဖြစ် ကျန်ရစ်နေခဲ့တော့မည်ဖြစ်ကြောင်း ရဝမ်ဒါတွင် လက်ရှိကျင်းပနေသည့် အာဖရိက ၁၇ နှစ်အောက် ဘောလုံးပြိုင်ပွဲများတွင် ရိုးတွင်းခြင်ဆီစမ်းသပ်သည့်နည်းကို အောင်အောင်မြင်မြင် အသုံးချနိုင်ခဲ့သော အာဖရိကဘောလုံး အဖွဲ့ချုပ်(CAF)က ကမ္ဘာကို သက်သေပြလိုက်ပြီဖြစ်သည်။

စမ်းသပ်မှု

CAF က ယခုပြိုင်ပွဲ၏ နောက်ဆုံးအဆင့်တွင် ယှဉ်ပြိုင်နေသော ကစားသမားအားလုံးထံမှ ရိုးတွင်းခြင်ဆီစမ်းသပ်မှုရလဒ်များကို ရယူခဲ့ကြောင်း သိရသည်။

CAF ၏ ဆရာဝန် ရာဆိုင်းဇာဂ္ဂိနီက CAF နှင့် အာဖရိကသည် ကစားသမားများ၏ အသက်အရွယ်နှင့်ပတ်သက်၍ အငြင်းပွားစရာမလိုသော ပြိုင်ပွဲကို ကျင်းပလိုက်နိုင်သောကြောင့် ဂုဏ်ယူနေသည်ဟု ဆိုသည်။

Cafonine.com နှင့် အင်တာဗျူးတွင် ဇာဂ္ဂိနီက ရိုးတွင်းခြင်ဆီ စမ်းသပ်သည့်နည်းသည် ကစားသမားတိုင်း၊ အသင်းတိုင်း အသက်တန်းတူညီမှုကို အာမခံနိုင်သည့်အပြင် ကစားသမားသစ်များပေါ်ထွက်လာနိုင်မည့် အခွင့်အလမ်းကောင်းများကို ဖန်တီးပေးသည်ဟု ပြောခဲ့သည်။

"ကမ္ဘာကို ကျွန်တော်တို့ အာဖရိကမှာ ဘာတွေလုပ်နေတယ်ဆိုတာ ဖော်ထုတ်ပြသရပါမယ်။ ပြီးတော့ ဒါဟာ ဆေးပညာနဲ့ နည်းပညာကို အမြင့်မားဆုံး အသုံးချခြင်းလည်းဖြစ်ပါတယ်။ ကျန်တဲ့ပြိုင်ပွဲတွေမှာလည်း ဒီနည်းကို အသုံးပြုမယ်ဆိုရင် ကျွန်တော်တို့အခု ရဝမ်ဒါမှာ လုပ်နိုင်ခဲ့သလို သန့်ရှင်းပြီးအောင်မြင်တဲ့ အသက် (၁၇) နှစ်အောက် ကမ္ဘာ့ဖလားကို ကျင်းပနိုင်မှာပါ"ဟု သူကဆိုသည်။

အင်တာနက်။

ရီးယဲလ်သို့ ပြန်လာရန် ဆန္ဒရှိနေသည့် နစ္စတယ်ရွိုင်း။

စိုးတင့်နိုင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ အင်္ဂလိပ်စာဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ အင်္ဂလိပ်စာဘာသာ

တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်အတွက်ပြင်ဆင်မယ်ဆိုရင် ပြဋ္ဌာန်းထားတဲ့ Grade 11 English Text ကိုသေသေချာချာ လေ့လာကြဖို့လိုပါတယ်။ ပြဋ္ဌာန်းထားတဲ့ English Text မှာ Unit (၁၄)ခုပါရှိပါတယ်။ ကျောင်းသား၊ ကျောင်းသူများအနေနဲ့ ဒီ Grade 11 English Text မှာပါတဲ့ Reading Section, Vocabulary Section, Grammar Section, Writing Section, နဲ့ Selected Poems တွေအားလုံးကို ကျေကျေညက်ညက် မခြွင်းမချန်သိရှိထားကြဖို့ လိုပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲအင်္ဂလိပ်စာဘာသာရပ်အတွက်မေးခွန်းများဟာ ပြဋ္ဌာန်းစာအုပ်ကိုပဲ အခြေခံပြီးမေးမှာ ဖြစ်ပါတယ်။ ယခင်နှစ်မေးခွန်းပုံစံတွေလိုပဲ မေးခွန်း(၉)ပုဒ်မေးမှာ ဖြစ်တယ်။

<u>**မေးခွန်းနံပါတ်(၁)**</u>ကတော့ English Text မှာပါတဲ့ Unit (၁၄)ခုထဲက passage စာပိုဒ်တစ်ပိုဒ်ကိုပေးထားပြီး၊ အဲဒီစာပိုဒ်ရဲ့အကြောင်းအရာတွေကို မေးခွန်းအမျိုးအစား(၂)မျိုးနဲ့ မေးမှာဖြစ်တယ်။

Question No. 1(A) က **Write the correct word or words to complete each sentence.** ဖြစ်တယ်။ ပေးထားတဲ့ စာကြောင်းကိုအဓိပ္ပာယ်ပြည့်စုံအောင် ကွက်လပ်ဖြည့်ပေးရမှာ ဖြစ်တယ်။ Item (၅)ခု မေးထားပြီး one word စာလုံးတစ်လုံး၊ ဒါမှမဟုတ် a group of words စကားစုတစ်စုနဲ့ ကွက်လပ်ကို ဖြည့်ရမှာဖြစ်တယ်။

သတိပြုရမှာက စာပိုဒ်ထဲမှာပါတဲ့ စကားလုံးစကားစုတွေကို တိုက်ရိုက်ဖြည့်ထည့်လို့ရချင်မှ ရမယ်။ ပေးထားတဲ့ ဝါကျရဲ့တည်ဆောက်ပုံပေါ်မူတည်ပြီး သင့်လျော်သလိုပြောင်းရေးဖို့ လိုချင်လိုလိမ့်မယ်။ ဥပမာ - စာပိုဒ်ထဲမှာ noun form သို့မဟုတ် adjective form နဲ့ ရေးထားပေမယ့် ဖြည့်ရမယ့်ကွက်လပ်မှာ verb form ပြောင်းပြီး ဖြည့်ချင်ဖြည့်ရမယ်။ စာပိုဒ်ထဲမှာ verb form နဲ့ ရေးထားပေမယ့် ဖြည့်ရမယ့်ကွက်လပ်မှာ noun form ပြောင်းပြီး ဖြည့်ချင်ဖြည့်ရမယ်။ ဥပမာ စာပိုဒ်ထဲမှာ The organizers of a self-service store must deal with perishable foodstuffs requiring different ranges of temperature. လို့ ပေးထားပေမယ့် မေးခွန်းမှာ Perishable foodstuffs _____ different ranges of temperature. လို့ ပေးထားရင် ဒီကွက်လပ်မှာ ဖြည့်ရမယ့်စကားလုံးက verb simple form ဖြစ်ရပါမယ်။ ဒါကြောင့် requiring ဆိုတဲ့ စာပိုဒ်ထဲက present participle နဲ့ ပေးထားတဲ့ စကားလုံးကို ဒီအတိုင်းပြန်ကူးရေးလို့ မရပါဘူး။ အဖြေမှန်က require ဖြစ်ပါတယ်။ တစ်ခါတလေ verb form ဖြည့်ရတာဖြစ်ပေမယ့် active voice form ကနေ passive voice form ပြောင်းဖို့ လိုချင်ရင် လိုလိမ့်မယ်။ ဥပမာ Robots ထဲက စာကြောင်းတစ်ကြောင်းဖြစ်တဲ့ Robots are used in the process for the painting, welding and assembly of the cars. လို့ ပေးထားပေမယ့် မေးထားတဲ့ စာကြောင်းက People _________ robots in the process for the painting, welding and assembly of the car. လို့ ပေးထားတဲ့အတွက် ဒီစာကြောင်းမှာ သုံးရမယ့် verb က passive verb form မဟုတ်တော့ဘဲ active verb form ဖြစ်ရပါမယ်။ ဒါကြောင့် အဖြေမှန်က use ဖြစ်ပါတယ်။

Question No. 1(B) ကတော့ **Answer each question in one sentence.** ဖြစ်တယ်။ စာပိုဒ်ထဲမှာပါတဲ့ အကြောင်းအရာ အချက်အလက်တွေကိုမေးတဲ့ မေးခွန်း (၅)ခု မေးထားပြီး ဒီမေးခွန်းတွေကို ပေးထားတဲ့စာပိုဒ်ထဲက အဖြေရှာပြီး ပြည့်စုံတဲ့ဝါကျတစ်ကြောင်းနဲ့ အဖြေရေးပေးရမှာ ဖြစ်တယ်။ အမှတ်ပြည့်ရရှိဖို့အတွက် မေးခွန်းကလိုအပ်တဲ့အဖြေက အကြောင်းအရာ(content)ရော၊ သဒ္ဒါ (grammar)ပါ မှန်မှန်ကန်ကန် ဖြေနိုင်အောင် များများလေ့ကျင့်ထားဖို့ လိုပါတယ်။ ဥပမာ - စာပိုဒ်ထဲမှာ Jenny Tier Bishop sat before the mirror, turning her head from side to side. လို့ ပေးထားပြီး While silling before the mirror what did Jenny Tier Bishop do? လို့ မေးရင် စာပိုဒ်ထဲမှာပေးထားတဲ့အတိုင်း ပြန်မကူးဘဲ While sitting before the mirror, Jenny Tier Bishop turned her head from side to side. လို့ မှန်မှန်ကန်ကန် ပြန်ဖြေပေးမှသာ အမှတ်ပြည့်ရမှာ ဖြစ်တယ်။ Past tense နဲ့ မေးထားတဲ့အတွက် အဖြေကလည်း past tense verb ကို ပြန်သုံးရပါမယ်။

ပြဋ္ဌာန်းစာအုပ်ပါစာပိုဒ်များနဲ့ဆိုင်တဲ့ မေးခွန်းများကို အလွတ်ကျက်မှတ်တာထက် မေးခွန်းအမျိုးမျိုးကို ဖြေတတ်အောင်လေ့ကျင့်ထားဖို့က ပိုအရေးကြီးပါတယ်။ စာပိုဒ်ထဲက သက်ဆိုင်တယ်ထင်တဲ့ စာကြောင်းတွေကို တိုက်ရိုက်ကူးချပေးလိုက်တာမျိုးလည်း မပြုလုပ်ကြဖို့ သတိပေးချင်ပါတယ်။ မေးထားတာကို ထိထိမိမိ မှန်မှန်ကန်ကန် ပြန်ဖြေတတ်အောင် လေ့ကျင့်ထားဖို့ လိုပါတယ်။

<u>**မေးခွန်းနံပါတ်(၂)**</u>မှာ ပေးထားတဲ့ မေးခွန်းကတော့ Fill in each blank with a word from the list given. Write down only the number of the blank and the word that fills it. ဖြစ်ပါတယ်။ ဒီမေးခွန်းအတွက် ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ Unit (၁၄)ခုထဲက စာပိုဒ်တစ်ပိုဒ်ကို (၈)လုံးမြောက် စကားလုံးတွေကို ကွက်လပ်လုပ်ထားပြီး မေးထားတယ်။ ကွက်လပ်ပေါင်း (၂၀)ရှိပြီး ဒီကွက်လပ်တွေကို ဖြည့်စွက်ဖို့ စကားလုံး(၂၀)ကိုလည်း စာပိုဒ်အပေါ်မှာ ပေးထားပါတယ်။ သတိပြုရမယ့်အချက်ကတော့ စာပိုဒ်ကြီးတစ်ပိုဒ်လုံးကို ပြန်ကူးရေးဖို့ မလိုပါဘူး၊ ကွက်လပ်နံပါတ်နဲ့ အဖြေကိုသာရေးရမှာ ဖြစ်တယ်။ ဒီမေးခွန်းဟာ ကျောင်းသား၊ ကျောင်းသူများရဲ့ အင်္ဂလိပ်စာတတ်မြောက်မှုကို ခြုံငုံစစ်ဆေးတာဖြစ်တယ်။ ဒီမေးခွန်းအတွက်ဘယ်လိုအမှားမျိုးကိုမျှ လက်မခံကြောင်းလည်း သတိပြုမိကြဖို့ လိုပါတယ်။ ဥပမာအားဖြင့် capital letter နဲ့ ရေးထားတာကို small letter နဲ့ ပြန်ရေးမိတာမျိုးမဖြစ်ဖို့၊ အနည်းကိန်း အများကိန်း မှားမသွားဖို့၊ plural number noun ဖြစ်ရမှာကို 's' ကျန်ခဲ့တာမျိုး မဖြစ်ဖို့ မှာချင်ပါတယ်။ ဒါကြောင့် စာလုံးကြီးနဲ့ စာလုံးသေး ကွဲပြားအောင်ရေးဖို့အပြင် စာလုံးပေါင်းမှန်အောင် ပြန်ရေးဖို့လည်း လိုပါတယ်။ ဒီမေးခွန်းဟာ ကျောင်းသား၊ ကျောင်းသူတို့ရဲ့ reading skill ဆိုတဲ့ စာဖတ်ပြီး နားလည်နိုင်မှုစွမ်းရည်နဲ့ grammar သဒ္ဒါကျွမ်းကျင်ပိုင်နိုင်မှုအပိုင်း နှစ်ပိုင်းစလုံးကို ဆန်းစစ်လိုတာဖြစ်လို့ passages တွေကို အလွတ်ကျက်ဖို့ထက် passages တွေကို နားလည်ပြီး grammar မှန်မှန်နဲ့ အဓိပ္ပာယ်ရှိတဲ့ sentences တွေဖြစ်အောင် ကွက်လပ်တွေမှာပေးထားတဲ့ စကားလုံးတွေကို ဖြည့်နိုင်အောင်ကြိုးစားရမယ်။

<u>**မေးခွန်းနံပါတ်(၃)**</u>ကတော့ ကျောင်းသား၊ ကျောင်းသူတို့ရဲ့ အင်္ဂလိပ်စာတတ်ကျွမ်းမှု စွမ်းရည် အပြင် မှတ်သားနိုင်မှုစွမ်းရည်ကို စစ်ဆေးတဲ့ မေးခွန်းပုံစံ ဖြစ်တယ်။ Write the appropriate words or groups of words to complete the sentences or lines of verse. လို့ မေးမှာဖြစ်တယ်။ Item (၁၀)ခု မေးထားပြီးတော့ ကွက်လပ်(၁၀)ခုကို ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ကွက်လပ်(၅)ခုက text မှာပါတဲ့ Unit (၁၄)ခုထဲက ကောက်နုတ်ချက်တွေဖြစ်ပြီး ကျန်ကွက်လပ် (၅)ခုကတော့ ကဗျာ (၇)ပုဒ်ထဲက ကောက်နုတ်ချက်တွေ ဖြစ်တယ်။ ဒီမေးခွန်းဟာ ကျောင်းသား၊ ကျောင်းသူများရဲ့ သင်ယူထားတဲ့ အချက်အလက်တွေနဲ့ ကဗျာတွေကို နားလည်မှတ်သားပြီး ပြန်ပြီးရေးသားတင်ပြနိုင်မှု စွမ်းရည် ရှိမရှိကို စစ်ဆေးတာဖြစ်တယ်။ တိတိကျကျ ပြန်ဖော်ပြတာကိုပဲ လိုချင်တဲ့အတွက် စာလုံးပေါင်းအမှားအယွင်းမရှိအောင် သတိထားကြဖို့ လိုပါတယ်။ ကွက်လပ်တွေကို ဖြည့်တဲ့နေရာမှာ စကားလုံးတစ်လုံးတည်း ဖြည့်ရတာရှိသလို စကားစုဖြည့်ရတာမျိုးလည်းရှိတာကို သတိပြုဖို့လိုပါတယ်။ နမူနာပြရမယ်ဆိုရင် 1. Looking good does not mean making yourself into ______ of a famous pop star. 2. Bangkok is the capital of Thailand and is regarded as a _________ paradise. 3. The little frog become a bird,

And slowly ____________. ဆိုတဲ့ မေးခွန်းတွေကိုကြည့်မယ်ဆိုရင် နံပါတ်(၁)မှာ a carbon copy ဆိုတဲ့ စကားလုံးသုံးလုံးလိုပေမယ့် နံပါတ်(၂)မှာတော့ shopper's ဆိုတဲ့ စကားလုံးတစ်လုံးပဲ လိုမှာဖြစ်တယ်။ နံပါတ်(၃)မှာဆိုရင် အဖြေက flew away စကားလုံး နှစ်လုံး လိုမှာဖြစ်တယ်။ ဒါကြောင့် ကွက်လပ်တစ်ခုတည်းရှိလို့ စကားလုံးတစ်လုံးတည်းပဲ ထည့်ရမယ်လို့ မှတ်လို့မရပါဘူး။

<u>**မေးခွန်းနံပါတ်(၄)**</u>ဟာ ပြဋ္ဌာန်းစာအုပ်ကို ကျေကျေညက်ညက် လေ့လာထားမှု ရှိမရှိ စစ်ဆေးနိုင်ဖို့ မေးခွန်း(၅)ခု မေးထားပါတယ်။

မေးခွန်း နံပါတ်(၄)ရဲ့ item 1 နဲ့ item 2 ကတော့ text မှာပါတဲ့ Unit (၁၄)ခုထဲက ကောက်နုတ် မေးထားတာပဲ ဖြစ်တယ်။ ဒီမေးခွန်းနှစ်မျိုးစလုံးမှာ choices ပေးထားပါတယ်။ OR ခံထားတဲ့ မေးခွန်းထဲက ကြိုက်ရာတစ်ပုဒ်ကို ရွေးဖြေကြရမှာဖြစ်တယ်။ ကျောင်းသား၊ ကျောင်းသူများဟာ အချက်အလက်ရော သဒ္ဒါပါမှန်ကန်တဲ့ အဖြေစာကြောင်းများနဲ့ ဖြေကြားရမှာ ဖြစ်ပါတယ်။ ဥပမာ IV. 1. What could robots, used in factories do if there were any problems? (OR) Among which age group is sleepwalking most common and when do they grow out of it? လို့ နံပါတ်(၁)မှာ မေးတယ်ဆိုပါစို့။ ပထမမေးခွန်းကိုရွေးပြီး ဖြေမယ်ဆိုရင်အဖြေက Robots, used in factories could ring up the/their supervisor and ask for help. ဒုတိယမေးခွန်းကို ရွေးပြီးဖြေမယ်ဆိုရင် အဖြေက Sleepwalking is most common among children and they grow out of it by the time when they become adolescents. ဖြစ်ပါတယ်။ ဒီမေးခွန်းတွေကို မှန်မှန်ကန်ကန် ဖြေဆိုနိုင်ဖို့ Unit (၁၄)ခု စလုံးမှာပါတဲ့ အကြောင်းအရာတွေကို အသေးစိတ်ဖတ်ပြီး မှတ်သားထားဖို့ လိုပါတယ်။

ဒီမေးခွန်းနံပါတ်(၄)ရဲ့ item 3 နဲ့ item 4 မှာ မေးလေ့ရှိတဲ့ မေးခွန်းပုံစံတွေထဲက ပထမတစ်မျိုးကတော့ Who said these words and to whom were they said? Which story are the words from? ဥပမာ Who said these words and to whom were they said? Which story are the words from?

"Soon after the two of you left, I build a fire." အဖြေက The man of music and dancing said these words to his friends, the philosopher and the medico, Mr Keller. The words are from "Too Much knowledge Maketh fools." သို့မဟုတ် နောက်တစ်မျိုးက Who said these words and to whom were they said? What do they mean? ဖြစ်တယ်။ ဥပမာ Who said these words and to whom were they said? What do they mean?

'John, help me with this. I'm so clumsy.' လို့မေးရင် အဖြေက Jenny Tier Bishop said these words to her husband, John Bishop. They mean that when Jim Bishop gave his mother a pair of diamond earrings, she asked her husband, John Bishop to help her open the plushy box, containing the diamond earrings and screw them onto her earlobes because she was clumsy and had been blind.

မေးနိုင်တဲ့အလားတူ မေးခွန်းပုံစံနောက်တစ်မျိုးတွေကတော့ What is the title of the unit from which the sentence is taken? What does the word underlined in the sentence refer to? အဲဒီစာကြောင်းထဲမှာ it တို့ we တို့ they တို့ this စတဲ့ စကားလုံးတွေပါခဲ့ရင် အဲဒါတွေဟာ ဘာကိုညွှန်းတယ်ဆိုတာ အဖြေဝါကျထဲမှာ သဲသဲကွဲကွဲ ဖော်ပြဖြေဆိုရမှာ ဖြစ်တယ်။ ဥပမာ What is the title of the unit from which the sentence is taken? What does the word underlined in the sentence refer to?

The female mosquito locates <u>her</u> human targets by following the carbondioxide that we exhale. လို့ မေးရင်အဖြေက The title of the unit from which the sentence is taken is 'Mosquito: Getting to Know the Enemy.' The word underlined in the sentence refers to 'the female mosquito's.' လို့ ဖြေရပါမယ်။ ဒါမှမဟုတ် နောက်တစ်မျိုး မေးနိုင်တာကတော့ What is the title of the unit from which the sentence is taken? What does the following sentence mean? ဆိုတဲ့ မေးခွန်းမျိုးဖြစ်တယ်။ ဥပမာ What is the title of the unit from which the sentence is taken? What does the following sentence mean?

To my ears sounded so much like the rhythmic beats of music coming from a drum that I started dancing to it? လို့ မေးလာရင် အဖြေက The title of the unit from which the sentence is taken is 'Too Much Knowledge Maketh Fools. The sentence means that the bubbling noise of the boiling rice sounded so much like the regular repeated pattern of music which comes from a drum to the man of music and dancing that he started dancing to it. လို့ ဖြေရပါမယ်၊ ဒီအဖြေက နမူနာအဖြေသာ ဖြစ်တယ်။ ဒီစာကြောင်းရဲ့ဆိုလိုရင်းကို ပေါ်လွင်စေတဲ့ သဒ္ဒါမှန်တဲ့ ဘယ်အဖြေကိုမဆို လက်ခံပါတယ်။ မေးခွန်းရဲ့ ဒုတိယအပိုင်းဖြစ်တဲ့ What does the following sentence mean? ဆိုတဲ့ မေးခွန်းမှာ Unit (၁၄)ခု ထဲက စာကြောင်းတစ်ကြောင်းကို ထုတ်နုတ်ပြထားပြီး အဲဒီစာကြောင်းရဲ့ဆိုလိုရင်းကို မေးတာဖြစ်တယ်။

ဒီမေးခွန်းနံပါတ်(၄)ရဲ့ item 5 ကတော့ ကဗျာတွေထဲက စာကြောင်း နှစ်ကြောင်းလောက်ကို ပေးထားပြီး ဆိုလိုရင်းအဓိပ္ပာယ်ကို ရေးခိုင်းတာပဲ ဖြစ်တယ်။ What do these lines mean? လို့ မေးမှာဖြစ်တယ်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

စာမျက်နှာ ၁၅ မှအဆက်

ဒီမေးခွန်းကို ဖြေနိုင်ဖို့ကတော့ ပြဋ္ဌာန်းထားတဲ့ ကဗျာတွေရဲ့အဓိပ္ပာယ်ကို ကျေကျေညက်ညက် နားလည်သိရှိထားဖို့ လိုပါတယ်။ ကဗျာကိုအဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါမှာ ဆိုလိုရင်းအဓိပ္ပာယ်ရော၊ သဒ္ဒါရော မှန်ရပါမယ်။

ဥပမာ What do these lines mean?
I shot an arrow into the air
It fell to earth, I knew not where; ဆိုတဲ့ ကဗျာထဲက စာကြောင်းနှစ်ကြောင်းကို ပေးထားတယ် ဆိုပါစို့။ အဲဒီကဗျာနှစ်ကြောင်းရဲ့ စကားပြေကိုပြန်တဲ့အခါ ဆိုလိုရင်း အဓိပ္ပာယ်ရော၊ သဒ္ဒါရော မှန်ရပါမယ်။

မေးခွန်းနံပါတ်(၅)က မေးခွန်းနံပါတ်(၁) B လိုပဲ Unit (၁၄)ခုထဲက စာပိုဒ်တစ်ပိုဒ်ပေးထားပြီး မေးခွန်း(၅)ခုကို ဖြေပေးရမှာ ဖြစ်တယ်။ ဒီမေးခွန်းတွေကို ကောင်းကောင်းဖြေဆိုနိုင်ဖို့အတွက် ပြဋ္ဌာန်းစာအုပ်ကို ကျေကျေညက်ညက် ဖတ်ရမယ်။ အကြောင်းအရာနဲ့ သဒ္ဒါမှန်ကန်တဲ့ ဝါကျတွေ တည်ဆောက်တတ်အောင်လည်း များများလေ့ကျင့်ထားရပါမယ်။ ဒီမေးခွန်းတွေက (၂)မှတ်တန် မေးခွန်းတွေဖြစ်လို့ မဖြေနိုင်ဘူးဆိုပြီး မဖြေဘဲ မထားခဲ့ပါနဲ့။ အဖြေတစ်ဝက်လောက်မှန်ရင်လည်း အမှတ်တစ်ဝက်လောက် ရပါတယ်။ ဥပမာ၊ Preventing malaria includes a variety of measures: wearing protective clothing, using repellents and sleeping under bed nets treated with insecticides. လို့ ပေးထားပြီး How can we prevent malaria? လို့ မေးရင် စာပိုဒ်ထဲမှာ ပေးထားတဲ့အတိုင်း ပြန်မကူးဘဲ We can prevent malaria by wearing protective clothing, using repellents and sleeping under bed nets treated with insecticides. လို့ မှန်မှန်ကန်ကန် ပြန်ဖြေပေးမှသာ အမှတ်ပြည့်ရမှာ ဖြစ်တယ်။

မေးခွန်းနံပါတ်(၆) ကတော့ Punctuation နဲ့ ဆိုင်တဲ့ မေးခွန်းဖြစ်ပါတယ်။ Punctuate the following လို့ မေးမှာဖြစ်တယ်။ capital, comma, semi-colon, colon, full stop, question mark, open and close inverted commas, exclamation mark, apostrophe တွေကို မှန်မှန်ကန်ကန် သုံးစွဲတတ်၊ မတတ် စစ်ဆေးမှာဖြစ်တယ်။ ကျောင်းသား၊ ကျောင်းသူများ လွယ်လွယ်ကူကူ ဖြေဆိုနိုင်ဖို့ ပြဋ္ဌာန်းစာအုပ်ထဲက စာကြောင်းတွေကို မေးလေ့ရှိပေမယ့် ပြဋ္ဌာန်းစာအုပ်ထဲမှာ မပါတဲ့ဝါကျတွေကိုလည်း မေးနိုင်တယ်။ အဓိကကတော့ Punctuation ဆိုတာ ဘာလဲ၊ ဘယ်လိုသုံးရမလဲဆိုတာ သိဖို့အရေးကြီးတယ်။ သတိပေးချင်တာကတော့ Punctuation မေးခွန်းအတွက် အလွတ်ကျက်ဖို့ မလိုပါဘူး။ လေ့ကျင့်ခန်း များများလုပ်ပေးဖို့ လိုပါတယ်။ ဥပမာအားဖြင့် ဝါကျရဲ့အစ စကားလုံးတို့၊ လူနာမည်တို့ကို capital letter ရေးဖို့၊ ဝါကျအဆုံးမှာ အဆိုဝါကျ ဖြစ်ရင် full stop သုံးဖို့၊ လူတစ်ဦးတစ်ယောက်ကပြောတဲ့ စကားလုံးတွေကို ပေးထားရင် အဲဒီစကားလုံးတွေရဲ့ အစနဲ့အဆုံးမှာ inverted commas တွေသုံးဖို့ သိရပါမယ်။ ဥပမာ စာကြောင်းတစ်ကြောင်း ကြည့်ရအောင် she is different i said but she doesn't have language. ဥပမာ ဖတ်စာအုပ်ထဲမှာ ပေးထားတဲ့ စာကြောင်းတစ်ကြောင်း ကြည့်ရအောင် she is different I said but she doesnt have language ဒီစာကြောင်းကိုကြည့်ရင် direct speech နဲ့ ရေးထားတဲ့ဝါကျ ဖြစ်တယ်။ ပြောတဲ့သူက first person pronoun ဖြစ်တဲ့ "I" ဖြစ်လို့ Capital letter နဲ့ ရေးရပါမယ်။ သူ့ရဲ့နောက်ကလိုက်တဲ့ introductory verb 'said' ရဲ့နောက်မှာ comma (") ရှိရပါမယ်။ 'I' က ပြောတဲ့အကြောင်းအရာနှစ်ခုက 'I' ရဲ့ တစ်ဖက်တစ်ချက်မှာရှိနေတာ တွေ့ရပါမယ်။ 'I' က ပြောတဲ့စကားလုံးတွေက she is different နဲ့ but she doesn't have language ဖြစ်လို့ 'I' က ပြောတဲ့ စကားတွေရဲ့အစမှာ open inverted commas (") ရှိပြီး၊ သူပြောတဲ့စကားတွေရဲ့အဆုံးမှာ close inverted commas (") ရှိရပါမယ်။ She is different ဆိုတဲ့ I က ပြောတဲ့ ပထမအကြောင်းအရာရဲ့နောက်မှာလည်း ဝါကျမဆုံးသေးလို့ comma ရှိရပါမယ်။ ဝါကျရဲ့ ဒုတိယပိုင်းကို ကြည့်မယ်ဆိုရင် doesnt ဆိုတဲ့ စကားလုံးဟာ spelling မမှန်ပါဘူး ။ does နဲ့ not ကို အတိုကောက် (contracted form) နဲ့ ရေးတာဖြစ်လို့ 'n' နဲ့ 't' ကြားမှာ apostrophe (') ရှိရပါမယ်။ ပြီးတော့ ဝါကျရဲ့အစကို capital letter နဲ့ စပြီးရေးရမှာဖြစ်ပြီး ဝါကျရဲ့အဆုံးမှာ full stop ရှိရပါမယ်။ ဒီပေးထားတဲ့ ဝါကျ တစ်ကြောင်းလုံးကို ကြည့်မယ်ဆိုရင် punctuation marks စုစုပေါင်း(၁၀)ခု ရှိပါတယ်။

မေးခွန်းနံပါတ်(၇)မှာ အပိုင်းနှစ်ပိုင်း ပါဝင်ပါတယ်။ **မေးခွန်းနံပါတ်(၇)ပထမပိုင်း VII A** က Stylistic Transformation လို့ ခေါ်ပါတယ်။ Finish each sentence in such a way that it means exactly the same as the sentence that is given လို့ မေးမှာဖြစ်တယ်။ ပေးထားတဲ့စာကြောင်း (၁၀)ကြောင်းကို အဓိပ္ပာယ်မပြောင်းလဲစေဘဲ ပြန်ရေးပေးရမှာ ဖြစ်တယ်။ ပြဋ္ဌာန်းစာအုပ်ထဲမှာ ဒီလိုအဓိပ္ပာယ်မပြောင်းလဲဘဲ တည်ဆောက်ပုံမတူတဲ့ ဝါကျတွေပြန်ရေးခိုင်းတဲ့ လေ့ကျင့်ခန်းတွေ အများကြီးပေးထားတဲ့အတွက် အဲဒီ Grammar Exercise တွေ များများလုပ်ရင် ဒီအပိုင်းကို ကောင်းကောင်းဖြေဆိုနိုင်ကြမှာ ဖြစ်တယ်။

မေးခွန်း(၇)ရဲ့ ဒုတိယပိုင်း VII B ကတော့ paragraph writing ဖြစ်တယ်။ ပေးထားတဲ့ prompts များကိုသုံးပြီး စာပိုဒ်တိုလေး တစ်ပိုဒ်ရေးရမှာဖြစ်တယ်။ ကြိုတင်ပြင်ဆင်ရေးသားထားတာတွေကို ဘာမှ မစဉ်းစားဘဲ ချရေးတာမျိုး မလုပ်ပါနဲ့။ မေးခွန်းက Using the prompts given, write a very short paragraph on: ဆိုပြီး ရွေးစရာ(၂)ပုဒ် ပေးပါမယ်။ ကိုယ်ပိုင်တဲ့တစ်ပုဒ်ကိုရွေးပြီး ရေးပါ။ မလိုတာတွေ ထည့်မရေးပါနဲ့။ Write a short paragraph ဆိုတာကို သတိပြုပါ။ ပေးထားတဲ့ prompts အားလုံးကို ပြန်သုံးပြီးရေးရမှာမို့လို့ ကိုယ်ပိုင်ဝါကျတွေ တည်ဆောက်တတ်အောင် လေ့ကျင့်ထားကြပါ။ Question VII B. ကို ဖြေတဲ့အခါမှာ ကျောင်းသား၊ ကျောင်းသူတော်တော်များများက အားနည်းတာကိုတွေ့ရတယ်။ ပေးထားတဲ့ prompts တွေနဲ့ သဒ္ဒါမှန်တဲ့ဝါကျတွေ ဆောက်တတ်ဖို့လိုတယ်။ ဥပမာ The Moon အကြောင်းကို ရေးခိုင်းတယ်ဆိုပါစို့။ ပေးထားတဲ့ prompts တွေက

- moon - much smaller - earth
- no water - on moon လို့ ပေးထားတယ်ဆိုပါစို့။

အဲဒီဝါကျမှာ moon တို့ earth တို့ကို definite article "the" နဲ့ သုံးရပါမယ်။ ပြီးတော့အဲဒီဝါကျမှာ verb မရှိသေးလို့ ထည့်ပေးရမယ်။ လဟာ ကမ္ဘာထက်သေးတယ်လို့ အဓိပ္ပာယ်ရလို့ လိုအပ်တဲ့ verb က verb to be ဖြစ်တဲ့ is လိုပါမယ်။ ဒါကြောင့် moon - much smaller - earth ကို ပြန်ရေးရာမှာ The moon is much smaller than the earth လို့ ပြန်ရေးတတ်ရမယ်။ ပြီးတော့ smaller ဆိုတဲ့ comparative degree adjective သုံးထားတဲ့အတွက် than ဆိုတာ မဖြစ်မနေ နောက်ကလိုက်ရပါမယ်။ ဒါကြောင့် The moon is much smaller than the earth လို့ ပြန်ရေးတတ်ရမယ်။ နောက်တစ်ကြောင်းကို ရေးပြရမယ်ဆိုရင်ပေးထားတဲ့ prompts တွေက no water – on moon လို့ ပေးထားတယ်။ ဆိုလိုတာက လပေါ်မှာ ရေမရှိဘူးလို့ဆိုလိုတဲ့အတွက် ရှိခြင်း(existence)ကို ပြဖို့ There is သို့မဟုတ် There are ဝါကျပုံစံ သုံးရမယ်။ ဒီမှာ subject က water ဖြစ်လို့ "is" ဆိုတဲ့ singular verb ကို သုံးမယ်။ ပထမဝါကျမှာလိုပဲ moon ကို ပြန်ရေးရင် definite article "the" လိုပါတယ်။ ဒါကြောင့် no water - on moon ဆိုတဲ့ prompts တွေကို ပြန်ရေးရာမှာ There is no water on the moon လို့ ပြန်ရေးရပါမယ်။

ဒီလို prompts တွေကိုသုံးပြီး ဝါကျဖြစ်အောင် ပြန်ရေးရာမှာ article တွေဖြစ်တဲ့ "a" တို့ "an" တို့ "the" တို့လိုရင် ထည့်ရမယ်။ verb to be ဖြစ်တဲ့ "am" တို့ "is" တို့ "are" တို့လိုရင် ထည့်ပေးရမယ်။ prompts တွေကို ဝါကျဖြစ်အောင် ပြန်ရေးရာမှ ဖြည့်ရေးတဲ့စကားလုံးတွေကို မျဉ်းသားစရာမလိုကြောင်းလည်း သတိပေးလိုပါတယ်။

မေးခွန်းနံပါတ်(၈)ကတော့ letter writing ဖြစ်ပါတယ်။ ပေးထားတဲ့မေးခွန်း(၃) ပုဒ်ထဲက ကြိုက်ရာ တစ်ပုဒ်ပဲ ဖြေရပါမယ်။ ဒီမေးခွန်းကိုဖြေဆိုတဲ့အခါ သတိပြုရမယ့်အချက်တွေကတော့ ပေးထားတဲ့ ညွှန်ကြားချက်တွေကို သေသေချာချာဖတ်ဖို့ပဲ ဖြစ်တယ်။ ဒီနေရာမှာ-(၁) စာရေးမယ့်သူက ဘယ်သူလဲဆိုတာ သိဖို့လိုပါတယ်။ (၂) ဘယ်သူ့ဆီကို ရေးရမလဲ ဆိုတာကြည့်ပါ။ (၃) ဘာအကြောင်းအရာ ရေးရမလဲဆိုတာ အရင်သေသေချာချာဖတ်ပါ။ ရေးခိုင်းတဲ့ အကြောင်းအရာတစ်ချက်လား၊ နှစ်ချက်လားဆိုတာ သေသေချာချာ ဖတ်ပြီးမှ ရေးဖို့လိုပါတယ်။ ဥပမာ ဒီမေးခွန်းကိုကြည့်ကြရအောင်၊ You are Bo Bo. You live at No.1, Pagoda Road, Pyay. Write a letter to your friend Aung Aung who lives in Bago, telling him the kind of exercises you do in studying English and how much time you spend on studying English every day. ဒီမေးခွန်းကိုကြည့်ရင် စာရေးမယ့်သူက Bo Bo ဖြစ်တယ်။ ဘယ်သူ့ဆီကို ရေးမလဲဆိုတော့ Aung Aung ဆီကို ရေးရမှာဖြစ်လို့ Dear Aung Aung လို့ စရေးမယ်။ ပြီးတော့ ရေးခိုင်းတဲ့အကြောင်းအရာကို ကြည့်မယ်ဆိုရင် telling him the kind of exercises you do in studying English နဲ့ how much time you spend on studying English every day ဆိုတဲ့ အကြောင်းအရာ နှစ်ချက်ပါတဲ့အတွက်ကြောင့် နှစ်ချက်လုံးပါအောင် ရေးမှသာ အမှတ်ကောင်းကောင်းရမှာ ဖြစ်တယ်။ အလွတ်ကျက်ထားတဲ့စာတွေကို ရေးပေးလိုက်တာမျိုး မလုပ်ပါနဲ့။ ရေးရမယ့် အကြောင်းအရာကို မသိဘဲ အလွတ်ကျက်ထားတာအားလုံး ချရေးပြီး ဖြေတာမျိုးဟာ အမှတ်ကောင်းကောင်း မရနိုင်ပါဘူး။ လိုရင်းအချက်အားလုံးပါမှ အမှတ်ကောင်းကောင်းရမယ်။

မေးခွန်းနံပါတ်(၉) ကတော့ essay writing ဖြစ်ပါတယ်။ ပေးထားတဲ့ ခေါင်းစဉ်(၃)ခုထဲက ကြိုက်ရာတစ်ခုကို ရေးရမှာဖြစ်တယ်။ တက္ကသိုလ်ဝင်စာမေးပွဲအဆင့်မှာ စာစီစာကုံးနဲ့ပေးစာတွေကို ကောင်းအောင် ရေးနိုင်ဖို့

(1) Organization- ဖွဲ့စည်းပုံ ကောင်းခြင်း။ အကြောင်းအရာ အချက်အလက်တွေကို နိဒါန်း၊ စာကိုယ်၊ နိဂုံး စသဖြင့် အစီအစဉ်ကျကျ ရေးနိုင်ခြင်းဖြစ်တယ်။

(2) Relevancy- သက်ဆိုင်မှုရှိခြင်း။ မိမိရေးရမယ့် အကြောင်းအရာနဲ့ သက်ဆိုင်တာကိုပဲ ရေးရမှာ ဖြစ်တယ်။ လုံးဝသက်ဆိုင်မှုမရှိတဲ့ အကြောင်းအရာတွေကိုရေးခဲ့ရင် သက်ဆိုင်မှုမရှိဘူးလို့ သတ်မှတ်မှာဖြစ်လို့ အမှတ်မရနိုင်ဘူး။

(3) Content- အချက်အလက် မှန်ကန်ပြည့်စုံခြင်း။ ရေးရမယ့်အကြောင်းအရာနဲ့စပ်လျဉ်းတဲ့ အချက်အလက်နဲ့ ဥပမာတွေကို ပြည့်ပြည့်စုံစုံ ထည့်သွင်းရေးသားနိုင်ဖို့ လိုပါတယ်။

(4) Language- အသုံးအနှုန်း မှန်ကန်ခြင်း။ သုံးတဲ့စကားလုံး ဝေါဟာရတွေ မှန်ခြင်း၊ ကောင်းခြင်း၊ လှခြင်း၊ ကြွယ်ဝခြင်းနဲ့ သဒ္ဒါမှန်မှန်၊ ဝါကျဖွဲ့စည်းပုံမှန်မှန်နဲ့ ဝါကျအမျိုးမျိုး ရေးတတ်ခြင်းတို့ ဖြစ်တယ်။

(5) Presentation- တင်ပြပုံကောင်းခြင်း။ ရေးတဲ့အကြောင်းအရာကို စာဖတ်သူဖတ်လို့ကောင်းအောင် ဖွဲ့နွဲ့တင်ပြနိုင်စွမ်း ရှိရပါမယ်။

ပေးစာရေးရာမှာ ဖြစ်ဖြစ်၊ စာစီစာကုံးရေးရာမှာပဲဖြစ်ဖြစ် မလိုအပ်ဘဲ အလွန်ရှည်လျားတဲ့ စာတွေ၊ စာစီစာကုံးတွေကို တချို့ကျောင်းသားတွေရေးတာကို တွေ့ရပါတယ်။ ပေးစာများကို ၅မျက်နှာ ၆မျက်နှာ လောက်ရေးခြင်း၊ စာစီစာကုံးကိုလည်း ၁၀မျက်နှာ ၁၂မျက်နှာလောက်ရေးပြီး ရေးတဲ့အကြောင်းအရာတွေ ကျစ်လျစ်ထိမိမှု မရှိခြင်း၊ ဆက်စပ်မှုမရှိခြင်းတို့ကို တွေ့ရပါတယ်။ အကြောင်းအရာတွေကို မနိုင်မနင်း အဆက်အစပ် မရှိဘဲ ထပ်ခါတလဲလဲ ရေးတာမျိုးကိုလည်း ရှောင်ကြဉ်ကြပါ။ မေးထားတဲ့ အကြောင်းအရာက တစ်ချက်လား၊ နှစ်ချက်လားဆိုတာ သေသေချာချာ ဖတ်ပါ။ ဥပမာ စာစီစာကုံးခေါင်းစဉ် Enjoyable hobbies ရေးခိုင်းရာမှာ ပျော်ရွှင်စရာကောင်းတဲ့ hobbies ဖြစ်ရမယ့်အပြင် အရေအတွက်တစ်ခုထက်မကတဲ့ hobbies အကြောင်းရေးမှ အမှတ်ကောင်းကောင်းရမှာ ဖြစ်တယ်။ အကြောင်းအရာတစ်မျိုးတည်းကိုပဲရေးပြီး ရေးခိုင်းတဲ့ အကြောင်းအရာ နှစ်မျိုးလုံးမပါဘူးဆိုရင် အမှတ်ကောင်းကောင်း မရနိုင်ပါဘူး။

တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုကြမယ့် ကျောင်းသား၊ ကျောင်းသူတွေကို အထူးမှာချင်တာကတော့ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ unit (၁၄)ခုလုံးက စာပိုဒ် passages တွေကို တစ်ခုမကျန် သေသေချာချာဖတ်ရှုမှတ်သားဖို့၊ ပေးထားတဲ့ လေ့ကျင့်ခန်းတွေကို များများပြုလုပ်ကြဖို့၊ ကဗျာတွေကိုလည်း ရွတ်ဆိုနိုင်ရုံသာမက အဓိပ္ပာယ်ဖွင့်ဆိုတတ်အောင် ကြိုးစားဖို့ လိုပါတယ်။ ဒါမှတက္ကသိုလ်ဝင်စာမေးပွဲကို ထူးထူးချွန်ချွန်နဲ့ ဖြေဆိုအောင်မြင်နိုင်မှာ ဖြစ်တယ်။ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမယ့် ကျောင်းသား၊ ကျောင်းသူအားလုံး မိမိတို့ ကျက်မှတ်ရမယ့်စာတွေကို ကြိုးကြိုးစားစား ကျက်မှတ်လေ့လာပြီး အောင်မြင်မှုရရှိနိုင်ကြပါစေ။ ။



မိုးနဂါးခြသေ့်အဖွဲ့
နိုင်ငံခြားအဆင့်မီ တရုတ်ရိုးရာနဂါးခေါင်း၊ခြသေ့်ခေါင်း၊ ဗုံ၊ လင်းကွင်းနှင့် ဆက်စပ်ပစ္စည်းများကို စျေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေပါပြီ။
ကုမ္ပဏီဖွင့်ပွဲများ၊ မင်္ဂလာဧည့်ခံပွဲများနှင့် မင်္ဂလာယူလိုသော အခမ်းအနားများတွင် တရုတ်ရိုးရာ ခြသေ့်အကကို ကပြလိုသူများကိုလည်းလက်ခံဆောင်ရွက်ပေးနေပါပြီ။
ဆက်သွယ်ရန်လိပ်စာ-အမှတ်(၃၁)၊ ၄လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့
ဆက်သွယ်ရန်
ဖုန်း-0999-22770, 095113114, 01-73052950

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းနာယက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း သာကေတမြို့နယ် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုရကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်

ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းနာယက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း အလှူရှင်များက လှူဒါန်းသော အလှူငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် သာကေတမြို့နယ် ဇိနမာရ်အောင်စေတီတော်ပရိဝုဏ်ရှိ ဝိမုတ္တိရသဓမ္မဗိမာန်တော်၌ ကျင်းပရာ ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းနာယက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း တက်ရောက်အားပေးချီးမြှင့်ပြီး အမှာစကားပြောကြားကာ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲတို့တွင် ဆုရကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂီတအစည်းအရုံးမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အနုပညာရှင်များ၊ အလှူရှင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို သာကေတမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက ပြည်မြန်မာသီချင်းကို သံပြိုင်သီဆို၍ ဖွင့်လှစ်သည်။

ထို့နောက် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းနာယက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားသည်။

ယင်းနောက် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းနာယက ဝန်ကြီး ဦးကျော်ဆန်းက အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရ မောင်တင်ထွန်းလင်း၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ မချယ်ရီဝင်း၊ အလယ်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ မဇွန်မူပိုင်ဦးနှင့် မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမဆုရ မယွန်းဝတီဆွေတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၅)နှင့် (၁၆)တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ အင်္ဂလိပ်စာဘာသာရပ် သင်ခန်းစာကို ဖော်ပြထားပါသည်။

ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်၊ တနင်္လာနေ့၊ (17-1-2011) (ဖြေ၄၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာနိုင်ငံအတွင်း တည်ဆောက်ပြီးတံတားများအနက် အကြီးဆုံးနှင့် အရှည်ဆုံးဖြစ်သည့် ဧရာဝတီတံတား (ပခုက္ကူ) သံပေါင်တင် မင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော်　　ဇန်နဝါရီ　　၁၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီး အဖွဲ့(၃)က တာဝန်ယူတည်ဆောက်လျက်ရှိသော ဧရာဝတီတံတား(ပခုက္ကူ) ပထမဆုံး သံပေါင်တင်မင်္ဂလာအခမ်းအနားကို ယနေ့တွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် လက်ပံခြေပေါ် ဘက်ကမ်းရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တံတားစီမံကိန်း ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လက်ပံခြေပေါ် ဘက်ကမ်း မင်္ဂလာသံပေါင်ကို ရွှေမှုလီတပ်ဆင်ပေးပြီး ဧရာဝတီတံတား (ပခုက္ကူ)ပထမဆုံး သံပေါင်ကို စက်ခလုတ်နှိပ်၍ မတင်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် မကွေးတိုင်းဒေသကြီး ဥက္ကဋ္ဌတို့သည် တံတားပေါ်သို့ တက်ရောက်၍ သံပေါင်တပ်ဆင်ခြင်း လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြကာ အခမ်းအနားသို့ တက်ရောက်လာကြသော ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်နှင့် ဝန်ကြီး ဦးခင်မောင်မြင့်တို့ ဧရာဝတီတံတား(ပခုက္ကူ) ပထမဆုံး သံပေါင်ကို စက်ခလုတ်နှိပ်၍ မတင်ပေးကြစဉ်။
(သတင်းစဉ်)

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

လမ်းမကြီးခုနစ်သွယ်ဖြင့် ရိုးမကိုအောင်မြင်ခြင်း (ကိုးပင် - သာဂရလမ်း)

**သတင်းဆောင်းပါး- ခရမ်းစိုးမြင့်
ဓာတ်ပုံ - ကျော်မိုးလွင်**

ပဲခူးရိုးမကြီးကို ကျွန်တော်သည် ကားတစ်စီးဖြင့် တတိယအကြိမ် ကျော်ဖြတ်ခွင့်ရခဲ့ပြန်သည်။ ပထမအကြိမ်က တိုက်ကြီးမှဖောင်ကြီး၊ ဖောင်ကြီးမှပဲခူးနှင့် ဒုတိယအကြိမ်က မင်းလှမှ စိန်ကန့်လန့်-မြို့ချောင်း-ပဲနွယ်ကုန်းအထိ ပဲခူးရိုးမကြီး၏ အနောက်ခြမ်းမှအရှေ့ခြမ်းသို့ ဖြတ်ကျော်ခဲ့ပြီး ယခု တတိယအကြိမ် ဖြတ်သန်းခဲ့ရခြင်းသည် ပဲခူးရိုးမကြီး၏အရှေ့ဘက်ခြမ်း သာဂရမှ အနောက်ဘက်ခြမ်း ကိုးပင်သို့ဖြစ်ပြီး မိုင်အားဖြင့် ၉၆ မိုင် သုံးဖာလုံ ဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုကိုခံယူလျက် နိုင်ငံတစ်ဝန်း တောင်နှင့်မြောက် သွယ်တန်းနေသော အလျားလိုက်လမ်းမကြီး ၃၆ လမ်းနှင့် အရှေ့နှင့် အနောက် သွယ်တန်းနေသော ကန့်လန့်ဖြတ်လမ်းမကြီး ၄၅ လမ်း စုစုပေါင်း လမ်းမကြီး ၈၁ လမ်းကို တစ်နိုင်ငံလုံးတစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်ထောင်စုလမ်းမကြီးများအဖြစ် သတ်မှတ်ကြေညာပြီး အဆိုပါ လမ်းမကြီးများ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ကောင်းမွန်အောင် တည်ဆောက်ပြုပြင်လျက်ရှိသကဲ့သို့ လမ်းသစ်ဖောက်လုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိရာ ဘယ်ခေတ်ဘယ်အခါကမျှ ဆောင်ရွက်နိုင်ခြင်းမရှိခဲ့သည့် ပဲခူးရိုးမဖြတ်လမ်းများကို လမ်းမကြီး ခုနစ်လမ်းအထိ ဖြတ်သန်းဖောက်လုပ်ပြီး ရိုးမကိုအောင်မြင်မှုရယူလျက်ရှိသည်။

“မြစ်ကိုမြင်လျှင်တံတားဆင်၊ ပြည်ခွင်သာဖို့လမ်းခင်းစို့” ဆိုသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ဆောင်ပုဒ်နှင့်အညီ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းသည် ပြည်ခွင်သာဖို့အတွက် ပဲခူးရိုးမကြီးကိုဖြတ်၍ သာဂရမှ ကိုးပင်အထိ ၉၆ မိုင် သုံးဖာလုံကို လမ်းခင်းလျက်ရှိရာ ကျွန်တော်သည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးများ တည်ဆောက်ရေးအဖွဲ့(၁) ကိုးပင်-သာဂရလမ်း ဖောက်လုပ်ရေးမှ အင်ဂျင်နီယာတစ်ဦးနှင့်အတူ ကားတစ်စီးဖြင့် သွားရောက် လေ့လာခဲ့ပါသည်။

ယခင် အခေါက်များက ပဲခူးရိုးမကြီးကို အနောက်ဘက်ခြမ်းမှ အရှေ့ဘက်ခြမ်းသို့ ကျော်ဖြတ်လေ့လာခဲ့ဖူးသော်လည်း ယခုအခါတွင် ပဲခူးရိုးမကြီး၏ အရှေ့ဘက်ခြမ်းရှိ သာဂရမှ ခရီးစတင်ထွက်ခဲ့ပြီး ဖိုးကျားရွာ၊ လှည်းပွဲကြီး၊ လှည်းပွဲလေး၊ သစ်ပုတ်ငယ်၊ ကျောက်မဆင်ရွာ၊ နယ်ခြားဆုံရပ်၊ ဘန်းကုန်း၊ ခနန်းမြောင်၊ ကျောသာ၊ ဆင်လူးမှ ကိုးပင်အထိ သွားရောက်ခဲ့ခြင်း ဖြစ်သည်။ ထိုလမ်းကြီးကို အထူးစီမံကိန်းကြီးများ တည်ဆောက်ရေးအထူးအဖွဲ့ (၁)နှင့်အတူ လမ်းအထူးအဖွဲ့(၂)၊ လေယာဉ်ကွင်း အထူးအဖွဲ့(၁)၊ အဆောက်အအုံအထူးအဖွဲ့(၃)နှင့်(၅)၊ သရက်ခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်မှ ဆောက်လုပ်ရေးအဖွဲ့များနှင့် နိုင်ငံသားပိုင်ကုမ္ပဏီများက ဖောက်လုပ်နေခြင်း ဖြစ်သည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ✪

ကြေးမုံ The Mirror

၁၇-၁-၂၀၁၁
(တနင်္လာနေ့)

ကျန်းမာရေးမဏ္ဍိုင်တောင့်တင်းအောင် ဖြည့်ဆည်းဖော်ဆောင်နေ

ဧရာဝတီတိုင်းဒေသကြီးသည် ပထဝီအနေအထားအရ မြစ်ချောင်းအင်းအိုင်ပေါများလှသည်။ ဒေသအတွင်း သွားလာရာတွင် ယခင်က ရေလမ်းကြောင်းကိုသာ အဓိက အားထားခဲ့ရသည်။ မှန်တိုင်းလွန်ကာလ စီမံကိန်းလမ်းမကြီး ၁၀လမ်းအပါအဝင် မြစ်ဝကျွန်းပေါ် လမ်းကွန်ရက်သစ်များကို ဖောက်လုပ်ပေးခဲ့ရာ ယခုအခါ တိုင်းဒေသကြီးအတွင်း မြို့နယ်တိုင်းသို့ မော်တော်ကားဖြင့် သွားလာနိုင်လျက်ရှိသည်။

အဆိုပါဒေသကြီးတွင် ရေ၊ မြေ၊ ရာသီဥတု ကောင်းမွန်သဖြင့် ဆန်စပါး၊ ပဲအမျိုးမျိုး၊ သားငါး၊ ပုစွန်၊ ရေထွက်ပစ္စည်းများ အလျှံပယ် ထွက်ရှိသည်။ ပြည်ထောင်စုကြီးနှင့် ဒေသတွင်း စားနပ်ရိက္ခာဖူလုံမှုကို အထောက်အကူ ပြုနေသည်။ သဘာဝသယံဇာတ ဒေသထွက်ကုန်မျိုးစုံထွက်ရှိပြီး လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့မှု အခြေအနေကောင်းများ ပြည့်စုံလျက်ရှိရာ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် ရရှိနေပြီဖြစ်သည်။

နိုင်ငံတော်က တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေးမဏ္ဍိုင် ကြံ့ခိုင်ရေး အလေးထားဆောင်ရွက်ပေးလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး အပါအဝင်ဖြစ်သည်။ လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးနှင့် ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတို့ကို ဇန်နဝါရီ ၁၃ ရက်က ဖွင့်လှစ်လိုက်သည်။ အဆိုပါ ဆေးရုံကြီးနှစ်ရုံ ဖွင့်လှစ်လိုက်သဖြင့် သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း တစ်ထောင်ကျော်မှ ပြည်သူခြောက်သိန်းကျော်ကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ပြီ ဖြစ်သည်။

ယခုအခါ တိုင်းဒေသကြီးအတွင်း ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ခုတင်(၂၀၀)ဆေးရုံ ငါးရုံ၊ ခုတင် (၁၀၀)ဆေးရုံသုံးရုံ၊ ခုတင်(၅၀)ဆေးရုံငါးရုံ၊ (၂၅)ခုတင်ဆေးရုံ ၁၆ ရုံ၊ တိုက်နယ်ဆေးရုံ ၆၁ ရုံ ရှိနေပြီ။ ကျေးလက်ကျန်းမာရေးဌာနများ၊ မိခင်ကလေးကျန်းမာရေးဌာနများ၊ ဒေသန္တရကျန်းမာရေးဌာန၊ တိုင်းရင်းဆေးရုံနှင့် တိုင်းရင်းဆေးကုဌာနများကို ထူထောင်ပေးထားပြီ။ သူနာပြုသင်တန်းကျောင်း နှစ်ကျောင်းနှင့် သားဖွားသင်တန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်ထားရာ ဒေသခံလူငယ်များ ကျန်းမာရေးပညာ လက်လှမ်းမီ သင်ယူနိုင်ကြပေပြီ။

ပြည်သူများ၏ ကျန်းမာရေးမဏ္ဍိုင် ကြံ့ခိုင်တောင့်တင်းစေရေးအတွက် ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ထူထောင်တည်ဆောက်ပေးနေသည်။ ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများကို မွေးထုတ်ဖြည့်ဆည်းပေးလျက်ရှိသည်။ ဒေသခံတိုင်းရင်းသားပြည်သူများ မိမိတို့ခရိုင်၊ မြို့နယ်အတွင်း၌ပင် အလွယ်တကူ ဆေးဝါးကုသနိုင်ကြပေပြီ။

ယနေ့ကာလတွင် ကျန်းမာရေးအခြေခံအဆောက်အအုံများ ပိုမိုတည်ဆောက်ထားပေးထားပြီ။ ကျန်းမာရေးဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ်များ မြှင့်တင်ပေးနေသည်။ ကျန်းမာရေးအသိပညာ ဗဟုသုတများ တိုးမြှင့်ပေးလျက်ရှိသည်။ ယင်းသို့ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် လူ့သက်တမ်းမြင့်မားလာခြင်း၊ ရောဂါကြီးများ၏ ဘေးဆိုးကပ်ဆိုးမှ ကင်းဝေးလာခြင်းစသည့် အကျိုးရလဒ်များ ဖြစ်ပေါ်လာနေပြီ ဖြစ်ပါသည်။ ။

စစ်ကောင်းစာကြည့်တိုက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ပဲခူး ဇန်နဝါရီ ၁၆

ပဲခူးမြို့ နန်းတော်ရာရပ်ကွက် ဥဿာသီရိ(၇)လမ်း၌ ဖွင့်လှစ်ထားရှိသော စစ်ကောင်းစာကြည့်တိုက်၏ နှစ်ပတ်လည်အစည်းအဝေး၊ စာကြည့်တိုက်မတည်ရန်ပုံငွေ လှူဒါန်းပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက်က ယင်းစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ဆက်လက်၍ စာအုပ်လှူဒါန်းပွဲတွင် ပဲခူးမြို့ စာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌ ဦးစိန်လှိုင်(စိန်လှိုင်ဗိုလ်)က ၎င်းရေးသားပုံနှိပ်ထုတ်ဝေထားသော "အများပြည်သူနှင့် သက်ဆိုင်သော ဥပဒေရေးရာအဖြာဖြာ" စာအုပ်ကို ပေးအပ်လှူဒါန်းရာ ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်အတွက် ခရိုင်ဦးစီးအရာရှိ ဒေါ်တင်တင်ဦးက လည်းကောင်း၊ စစ်ကောင်းစာကြည့်တိုက်အတွက် စာကြည့်တိုက်အလှူရှင် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဝင်းစိန်က လည်းကောင်း လက်ခံရယူကြသည်။

(အောက်ပုံ) (၄၀၃)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒွါဒသမအကြိမ်မြောက် အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ ဒွါဒသမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ယမန်နေ့ နံနက် ၈ နာရီတွင် အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်းတို့ တက်ရောက်၍ အမှာစကားပြောကြားကြသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို အဆိုပါရုံးချုပ် ဥပစာ၌ ကျင်းပရာ တိုင်းမှူး၊ ဝန်ကြီး ဦးမောင်မောင်သိမ်းနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးဌေးမြင့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ရေလုပ်ငန်းဆိုင်ရာ ပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် နှစ်ပတ်လည်အစည်းအဝေး အခမ်းအနားကို သီရိအဏ္ဏဝါခန်းမ၌ ဆက်လက်ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ ဝန်ကြီး ဦးမောင်မောင်သိမ်းနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် တိုင်းမှူးသည် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အသင်းသား၊ အသင်းသူများ၏ သား သမီးများဖြစ်ကြသည့် ငါးဘာသာဂုဏ်ထူးရှင် တစ်ဦးနှင့် လေးဘာသာဂုဏ်ထူးရှင် တစ်ဦးတို့အား ပညာရည်ချွန်ဆုများချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းတို့သည် မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီလမ်းသို့ ရောက်ရှိပြီး စွယ်တော်မြတ်စေတီလမ်းအား ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာခင်းကျင်းနေမှုနှင့် လမ်းဘေးဝဲယာ လူသွားစင်္ကြံ မွမ်းမံပြင်ဆင်နေမှုတို့ကို လည်းကောင်း၊ စွယ်တော်မြတ်စေတီတော် ဘက်စုံပြုပြင်မွမ်းမံနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် ဝန်ကြီး ဦးမောင်မောင်သိမ်းတို့ ရေလုပ်ငန်းဆိုင်ရာ ပညာပေးပြခန်းများကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

လပွတ္တာမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ ဗဟန်းမြို့နယ် နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသက်(၈၀) နှင့်အထက် အသင်းဝင်နှင့် မိဘများ၊ တက္ကသိုလ်တစ်ခုခုမှ ပါရဂူဘွဲ့(Ph.D) ရရှိသူများနှင့် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရှင်များသည် အထောက်အထားများနှင့်အတူ အသင်းဥက္ကဋ္ဌ ဦးကောင်းရင် ဖုန်း-၆၆၃၀၆၂၊ အတွင်းရေးမှူး ဦးသန်းထွန်း ဖုန်း-၃၇၁၅၄၄၊ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်လေး ဖုန်း-၇၀၃၀၇၇၊ ဘဏ္ဍာရေးမှူး ဦးအမိုင် ဖုန်း-၂၂၇၄၇၂၊ အသင်းတိုက်ရုံး ဖုန်း-၂၂၂၀၈၈၊ အမှုဆောင် ဦးနေဝင်း၊ ဦးတင်ဆိုင်၊ ဦးတင်ဦးနှင့် ဦးတင်အောင်တို့သို့ ဆက်သွယ်စာရင်းပေးကြပါရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

Media Lane, The Creative Agency နှင့် Myanmar Star Universe Co.,Ltd. ရုံးခန်းသစ် ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

Media Lane, The Creative Agency နှင့် Myanmar Star Universe Co.,Ltd. တို့၏ ရုံးခန်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သံသုမာလမ်းပေါ်ရှိ မြန်မာ့ဂုဏ်ရောင် အိမ်ရာဝင်း ပုလဲလမ်း အမှတ်(58-B)၌ ကျင်းပရာ ဒေါ်ဝါဝါထွန်းနှင့် Company မှ တာဝန်ရှိသူများက ရုံးခန်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် Media Lane, The Creative Agency ကုမ္ပဏီ ရှေ့ဆက်ဆောင်ရွက်သွားမည့် World-Class Website, Graphic, Printing, Decoration, Genius Workshop စသည့် ဝန်ဆောင်မှုများကို ပိုမိုကောင်းမွန်စွာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် Myanmar Star Universe Co.,Ltd. မှ တစ်ဦးတည်းကိုယ်စားလှယ်ယူပြီး ဖြန့်ဖြူးရောင်းချလျက်ရှိသော AOC Monitor, Star UPS, HP DVD-RW, Golden Field Chasis အစရှိသည့် ကွန်ပျူတာပစ္စည်းများအား ခင်းကျင်းပြသထားပြီး Authorised Service Center ကို ပူးတွဲဖွင့်လှစ်ထားကြောင်း သိရသည်။

(သတင်းစဉ်)

Media Lane, The Creative Agency နှင့် Myanmar Star Universe Co.,Ltd. တို့၏ ရုံးခန်းသစ်ကို ဒေါ်ဝါဝါထွန်းနှင့် Company မှ တာဝန်ရှိသူတို့က ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

အိုးသည်ကုန်းမြို့ အထက အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၆

ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်း အိုးသည်ကုန်းမြို့ အခြေခံပညာအထက်တန်းကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၃ ရက် နံနက် ၁၀ နာရီတွင် အဆိုပါကျောင်းသပြေညိုခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို အိုးသည်ကုန်းမြို့မှ ဦးအေးကို ဖုန်း-၀၉-၅၃၇၃၂၇၉၊ ရန်ကုန်မြို့မှ ဦးခင်ဇော် ဖုန်း-၀၉-၈၆၂၀၉၁၆၊ ဦးမြသန်း ဖုန်း-၀၁-၇၃၀၇၇၆၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ရန်ကုန်မြို့မှ လိုက်ပါမည့်သူများ ဇန်နဝါရီ ၂၃ ရက် နံနက် ၄ နာရီခွဲတွင် မြေနီကုန်း ရတနာပုံ ရုပ်ရှင်ရုံရှေ့မှ ကားထွက်မည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ဗလငါးတန်ပွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

❖ **ရွှေ့ဖုံးမှ**

ရထားလမ်းနှင့် ကားလမ်းနှစ်လမ်းပါ ဧရာဝတီတံတား(ပခုက္ကူ)သည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ထားသည့် သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်ကြောင်း၊ တံတားအရှည် ၁၁၄၃၁ပေ၊ ကားလမ်းအရှည် ၁၃၅၃၇ ပေ၊ ရထားလမ်းအရှည် ၂၀၅၉၇ ပေရှိပြီး ကားလမ်းအကျယ် ၂၈ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် ရထားလမ်း အကျယ် ၁၄ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် သုံးပေသုံးလက်မစီပါရှိပြီး တံတားအောက် ရေလမ်းကင်းလွတ်အကျယ် ၂၆၂ပေ၊ အမြင့် ၅၂ ပေရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅ တန်ရှိကာ မြန်မာနိုင်ငံအတွင်း တည်ဆောက်ပြီးတံတားများအနက် အကြီးဆုံးနှင့် အရှည်ဆုံးတံတားတစ်စင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျိုက်ထိုမြို့နယ်၌ ဝက်ကူးစက်ရောဂါ စူးစမ်းရှာဖွေလေ့လာရေးစီမံချက် လုပ်ငန်းညှိနှိုင်း

နေပြည်တော် ဇန်နဝါရီ ၁၆

ကျိုက်ထိုမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO)တို့ ပူးပေါင်းဆောင်ရွက်သော ဝက်ကူးစက်ရောဂါ စူးစမ်းရှာဖွေလေ့လာရေး စီမံချက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၄ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးတင်အောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ INGO အဖွဲ့အစည်းများ၊ မွေးမြူရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင်အောင်ဝင်းက အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာလှထွန်းသိန်းနှင့် မြို့နယ်ဦးစီးမှူး ဒေါက်တာဝင်းဦးတို့က ဝက်ကူးစက်ရောဂါ စူးစမ်းရှာဖွေလေ့လာရေးအကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်နှင့် ဝန်ကြီး ဦးခင်မောင်မြင့်တို့ ဧရာဝတီတံတား(ပခုက္ကူ) ပထမဆုံး သံပေါင်တင်မင်္ဂလာအခမ်းအနားတွင် လက်ပံခြေပေါ်ဘက်ကမ်း မင်္ဂလာသံပေါင်ကို ရွှေမှုလီတပ်ဆင်ပေးကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရေထွက်ပစ္စည်းဈေးကွက်ဂုဏ်ယူစရာ EU ၂၇ နိုင်ငံသို့ တင်ပို့ရောင်းချခွင့်ရရှိ ဝန်ကြီး ဦးမောင်မောင်သိမ်း အမှာစကားပြောကြား

သတင်းမှတ်စု မောင်မောင်ထွေး(သတင်းစဉ်) ဓာတ်ပုံ-လှမိုး(သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၁၆

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့၏ ဒွါဒသမအကြိမ် နှစ်ပတ်လည်အစည်းအဝေးကို ယမန်နေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည်။

နှစ်ပတ်လည်အစည်းအဝေးတွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နာယကမွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်းတက်ရောက်၍ အမှာစကားပြောကြားရာ၌ ၁၉၈၈ ခုနှစ်စာရင်းအရ တစ်နိုင်ငံလုံး ငါးမွေးမြူရေးကန်တို့တွင်ပါ တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်နိုင်ငံလုံး၌ ကဏန်းမွေးမြူရေး ရေပြင် ၄၆၂၆ ဧကအထိ တိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ ၂၀၀၉ ခုနှစ် စာရင်းအရ ကဏန်းပျော့ ထုတ်လုပ်မှု ၁၆၂၉ တန် တင်ပို့နိုင်ခဲ့ကြောင်း။

ဧက ၆၃၀၀ ရှိခဲ့ရာမှ ယခု ၂၀၁၁ ခုနှစ်တွင် ၂၁၇၈၃၅ ဧကရှိလာသည့်အတွက် ၃၅ ဆခန့် တိုးတက်လာကြောင်း။

၂၀၀၉ ခုနှစ်မှစ၍ နိုင်ငံပိုင်ငါးလုပ်ငန်းစခန်းများကသာမက ပုဂ္ဂလိကစခန်းများကပါ ငါးမြစ်ချင်းငါး မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိရာတွင် ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ငါးမြစ်ချင်းငါးပြည်ပတင်ပို့မှု တန်ချိန် ၉၄၀၄၀ ရှိခဲ့ကြောင်း။

ပုစွန်မွေးမြူရေးအပိုင်းတွင် ၂၀၁၁ ခုနှစ်စာရင်းအရ ရေချိုရေငန် ပုစွန်မွေးမြူရေးဧကပေါင်း ၂၂၄၈၆၇ ဧကရှိလာသည့်အတွက် ပုစွန်မွေးမြူခြင်းစတင်ခဲ့သည့် ၁၉၉၁ ခုနှစ်က စာရင်း ၃၁၆၉ ဧကနှင့် နှိုင်းယှဉ်လျှင် အနှစ် ၂၀ ကာလအတွင်း မွေးဧက အဆ ၇၀ ကျော်တိုးတက်လာကြောင်း။

ကျေးလက်ဒေသစပါးခင်းများအတွင်း အခမဲ့ငါးမျိုးစိုက်သွင်းပေးခြင်းကို ၂၀၀၃ ခုနှစ်မှစ၍ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် တစ်ပြိုင်နက်ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၀-၂၀၁၁ ခုနှစ်စာရင်းအရ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၀ ခုရှိ လယ်ယာမြေဧက ၁၅၉၀၀ ဧကအတွင်း ငါးသားပေါက်ကောင်ရေ ၇၉ သန်း အခမဲ့ထည့်သွင်းပေးခဲ့ကြောင်း။

ပြည်ပတင်ပို့

ရေထွက်ပစ္စည်းထုတ်ကုန်များကို ပြည်ပသို့တင်ပို့ရာတွင် ၂၀၁၀-၂၀၁၁ ခုနှစ်ဘဏ္ဍာရေးနှစ် ပြည်ပတင်ပို့မှုလျာထားချက်အနက် ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ၆၁ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နိုင်ငံခြားဝင်ငွေ အများဆုံးရရှိစေသည့် ရေထွက်ကုန်ပစ္စည်းများမှာ ရေချိုရေငန်ပုစွန်၊ ကဏန်း၊ ငါးရှဉ့်၊ ပင်လယ်ရေမှော်အစရှိသည့် ကုန်ပစ္စည်းအမယ်များ ဖြစ်ကြောင်း။

ထိပ်ဆုံးက ကဏန်းပျော့

ဈေးကောင်းရရှိသော ပြည်ပပို့ကုန်အမယ်သစ်များအနက် ကဏန်းပျော့သည် ထိပ်ဆုံးတန်းကပါဝင်နေကြောင်း၊ မူလဆောင်ရွက်နေသည့် တနင်္သာရီတိုင်းဒေသကြီး၌သာမက ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်

အမှာစကားပြောကြား

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နာယက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒွါဒသမအကြိမ် နှစ်ပတ်လည်အစည်းအဝေး၌ အမှာစကားပြောကြားစဉ်။

ပင်လယ်ရေမှော်

နိုင်ငံခြားဝင်ငွေ ဈေးကောင်းရရှိသည့် အမယ်သစ်များထဲ၌ ပင်လယ်ရေမှော်လည်း ပါဝင်ကြောင်း၊ ၂၀၁၀ ခုနှစ်အတွင်း တနင်္သာရီတိုင်းဒေသကြီး၌ ပင်လယ်ရေမှော်မွေးမြူဧက စုစုပေါင်း ၃၁၃ ဒသမ ၅ ဧက မွေးမြူ ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် မက်ထရစ်တန် ၃ ဒသမ ၇၅ သိန်း တင်ပို့နိုင်ခဲ့ကြောင်း။

EU နိုင်ငံများသို့ တင်ပို့ခွင့်ရရှိ

ရေထွက်ကုန်ပစ္စည်းများကို ကုန်သွယ်ဘက်နိုင်ငံများနှင့် EU နိုင်ငံများသို့ တင်ပို့ရောင်းချရာတွင် EU နိုင်ငံများသည် Food Safety ကို အလေးထားသည့်အတွက် ဘေးအန္တရာယ်ကင်းရှင်းရန် ရေထွက်ကုန်ပစ္စည်းများကို SSOP, GMP, HACCP စနစ်များနှင့်ကိုက်ညီမှသာ လက်ခံဝယ်ယူကြောင်း၊ ၂၀၁၀ ခုနှစ်အတွင်း မြန်မာ့ရေထွက်ပစ္စည်း ၁၃ ရုံကထုတ်လုပ်သည့် ရေထွက်ပစ္စည်းများမှာ EU Standard များနှင့် ကိုက်ညီသည့် အတွက် EU ၂၇ နိုင်ငံသို့ တင်ပို့ရောင်းချခွင့်ရရှိခဲ့ကြောင်းကို သိရှိရကြောင်း၊ မိမိတို့ မြန်မာ့ရေထွက်ကုန်ပစ္စည်းဈေးကွက်အတွက် ဂုဏ်ယူစရာအချက်ပင် ဖြစ်ကြောင်း။

အလားတူ မြန်မာ့ပင်လယ်ပြင်ထွက်ကုန်များကို EU နိုင်ငံများသို့ တင်ပို့ရာတွင် IUU Catch Certificate ထုတ်ပေးခြင်းလုပ်ငန်းကို EU ကော်မရှင်က အသိအမှတ်ပြုအောင် ငါးလုပ်ငန်းဦးစီးဌာနက ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသည်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၇-၁-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈း၀၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၂၀ ၈။ အတီးပြိုင်ပွဲ
- ၈း၃၅ ၉။ "ချစ်လွန်းလို့"
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အကပဒေသာ
- ၄း၂၅ ၃။ တေးဂီတအစီအစဉ်
- ၄း၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၄း၅၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၅ ၆။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၅း၂၀ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅း၃၅ ၈။ မြန်မာတေးသံရှင် ရွေးချယ်ပွဲ
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၁။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇း၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေမေ့မေတ္တာ (ဒုတိယတွဲ) (အပိုင်း-၁)**
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **"ကမ္ဘာကျော်သရုပ်ဆောင်များ" (အပိုင်း-၇)**
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးနောက်ဆုံးချစ်ပုံပြင်" (ပထမပိုင်း) (အပိုင်း-၂၄)**
- ၁၈။ အစီအစဉ်ပြီး၏။

Database Applications Development သင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၁၆

Myanmar Professionals Education Centre (MPEC)မှ အရည်အချင်းပြည့်ဝသော Database Applications Developer၊ Database Administrator ဖြစ်လိုသူများအတွက်ရည်ရွယ်၍ Database Applications Development သင်တန်းကို ဖွင့်လှစ်မည်ဖြစ်သည်။

ထိုသင်တန်းတွင် Database Management System များ၏ တည်ဆောက်ပုံနှင့် အလုပ်လုပ်ပုံနည်းစနစ်များကို Oracle Database Server နှင့် Microsoft SQL Server 2008 ကို အသုံးပြုပြီး သင်ကြားပေးမည်ဖြစ်သည်။

ထို့အပြင် Database Server များ၏ Background Services, Data Files, Recovery Logs Files နှင့် Memory Structure တို့ကို မိမိတို့၏ လုပ်ငန်းလိုအပ်ချက်များအတိုင်း စွမ်းဆောင်မှုအကောင်းဆုံးဖြစ်အောင် Configuration ပြုလုပ်နိုင်စေရန်၊ Database Management System များကိုအသုံးပြုပြီး Database Application System များအား အကောင်းဆုံးဖြစ်အောင် ရေးသားနိုင်စေရန်၊ Complex Query Language များကို ရေးသားနိုင်ရန်နှင့် Database Logical Design and Physical Design တို့ကို ထိထိရောက်ရောက်ပြုလုပ်နိုင်ပြီး Software Developer ကောင်းတစ်ယောက်ဖြစ်လာစေရန် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။

အထူးအားဖြင့် Data Records သန်းနှင့်ချီသော Processing များနှင့် Reporting များကို ပြုလုပ်နိုင်ရန်အတွက် အခြေခံကောင်းများရရှိစေရန် လက်တွေ့လုပ်ငန်းခွင်အတွေ့အကြုံရှိသူ ဆရာကိုယ်တိုင် အသိပညာပေး သင်ကြားပေးမည်ဖြစ်သည်။

စနေ၊ တနင်္ဂနွေ တန်းခွဲဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလ သုံးလကြာမည်ဖြစ်သော အထက်ပါသင်တန်းကို DBMS အခြေခံရှိသူများနှင့် SQL Language အခြေခံရှိသူများ တက်ရောက်နိုင်မည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် Myanmar Professionals Education Centre (MPEC) အခန်း(၈၀၄/B) ဒဂုံစင်တာ မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၇၃၀၆၆၂၇၈ သို့ ဆက်သွယ်ပြီး စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့